# ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည်ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၄ ရက်၊ ကြာသပတေးနေ့။ Thursday, 6 June 2019 ၉၆၇၂


## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားတွင် ခင်းကျင်းပြသထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်မှုပြကွက်များကို လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် ဇွန် ၅**

၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့မှ မြို့တော်ဝန်များ၊ နေပြည်တော်ကောင်စီဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ရေးရာကော်မတီဥက္ကဋ္ဌများ၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဟန်ဂေရီနိုင်ငံ ဝန်ကြီးချုပ်နှင့်တွေ့ဆုံ

### နှစ်နိုင်ငံကြား ထိတွေ့ဆက်ဆံမှုများတိုးမြှင့်ရေး ဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဟန်ဂေရီနိုင်ငံ ဝန်ကြီးချုပ် Mr. Viktor Orban က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ဘူဒါပတ်စ် ဇွန် ၅**

ဟန်ဂေရီနိုင်ငံ ဘူဒါပတ်စ်မြို့တွင် ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဟန်ဂေရီနိုင်ငံ ဝန်ကြီးချုပ် Mr. Viktor Orban နှင့် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ဘူဒါပတ်စ်မြို့ရှိ ဟန်ဂေရီနိုင်ငံ ဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဟန်ဂေရီနိုင်ငံ ဝန်ကြီးချုပ်ရုံးသို့ ရောက်ရှိရာ ဝန်ကြီးချုပ်က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး ဝန်ကြီးချုပ်ရုံးအတွင်းနှင့် ဝန်ကြီးချုပ်ရုံးအပေါ်မှနေ၍ ဒေးညူမြစ်ရှုခင်းအားလိုက်လံပြသသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ၎င်းနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ◆

**ကြေးမုံ ယနေ့ ဗတ်စရာ**

**အန္တရာယ်ရှိကုန်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်ထိန်းသိမ်းခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိ**

ပြည်သူ့လွှတ်တော် စာမျက်နှာ » ၆

**အောင်ပန်းမြို့ရှိ (၁၆)ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံကို (၂၅)ခုတင်ဆံ့ ဆေးရုံအဆင့် တိုးမြှင့်ပေးမည်**

အမျိုးသားလွှတ်တော် စာမျက်နှာ » ၇


09 682 682 682
info@mtb-bank.com
www.mmtourismbank.com
MyanmaTourismBank
မြန်မာ့ခရီးသွားဘဏ်
MTB
မြန်မာ့ခရီးသွားဘဏ်
MYANMA TOURISM BANK
"သင့်အနာဂတ်ဖန်တီးဖို့ MTB နဲ့လက်တွဲစို့"

## ကြေးမုံ

# ဒီမိုကရေစီအသွင်ကူးပြောင်းမှု

ချက်သမ္မတနိုင်ငံ ပရာ့ဂ်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန်လ ၃ ရက်နေ့က Charles University ၌ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှု အတွေ့အကြုံနှင့် ပတ်သက်၍ "ဒီမိုကရေစီစနစ်သို့အသွင်ကူးပြောင်းမှုတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများ" ခေါင်းစဉ်ဖြင့် ဟောပြောပို့ချခဲ့သည်။

ချက်သမ္မတနိုင်ငံသည် ဥရောပတိုက် အလယ်ပိုင်းမှ ကုန်းတွင်းပိတ်နိုင်ငံဖြစ်သည်။ အစောပိုင်းကာလက ချက်ကိုဆလိုဗေးကီးယားနိုင်ငံအဖြစ်ရပ်တည်ခဲ့ပြီးနောက် ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းခဲ့သည်။ ချက်နှင့် မြန်မာနိုင်ငံတို့သည် အသွင်ကူးပြောင်းမှု တစ်နှစ်သာကွာခြားသော်လည်း ဖွံ့ဖြိုးတိုးတက်မှုမှာ အလှမ်းကွာခဲ့သည်။ မြန်မာနိုင်ငံသည် ၁၉၈၈ ခုနှစ်တွင် ပြည်သူလူထု၏ဆန္ဒဖော်ထုတ်မှုဖြင့် ပြုပြင်ပြောင်းလဲမှုမှာ ကြမ်းတမ်းခက်ထန်ခဲ့သည်။ ချက်သမ္မတနိုင်ငံ၏ ၁၉၈၉ ခုနှစ် ကတ္တီပါတော်လှန်ရေးမှာ နူးညံ့သိမ်မွေ့ပြီး အသွင်ကူးပြောင်းမှုကို ချောမွေ့စွာဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှု ခက်ခဲကြမ်းတမ်းမှုနှင့် လက်ရှိအခြေအနေမှန်တို့ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ချက်သမ္မတနိုင်ငံ၏ တက္ကသိုလ်ကြီးတွင် ရှင်းလင်းပြောကြားခဲ့သည်။ မြန်မာနိုင်ငံသည် ချက်သမ္မတနိုင်ငံနှင့် မရှေးမနှောင်းပင် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ကြိုးပမ်းရယူခဲ့သော်လည်း အနှောင့်အယှက် အဟန့်အတား အတိုက်အခိုက်များဖြင့် နှစ်ပေါင်းများစွာ ကြာမြင့်သည့်တိုင်အောင် ပြောင်းလဲနိုင်ခြင်း မရှိခဲ့ချေ။

၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှစတင်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် မဲအများစုဖြင့်အနိုင်ရရှိကာ အစိုးရသစ်ဖွဲ့ပြီး အသွင်ကူးပြောင်းမှုကို စတင်ခဲ့ရသည်။ သို့သော် လက်ရှိကျင့်သုံးနေသော ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီမှုမရှိသဖြင့် ထင်သလောက် ခရီးမရောက်ခဲ့ချေ။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အသွင်ကူးပြောင်းမှုကို စတင်သည်နှင့် (၂၁)ရာစု ပြည်ထောင်စုငြိမ်းချမ်းရေးကို နိုင်ငံရေးဆွေးနွေးပွဲများ အကြိမ်ကြိမ်ပြုလုပ်၍ အကောင်အထည်ဖော်နေပြီး တိုင်းရင်းသားပြည်သူအားလုံး မျှော်မှန်းထားသည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ထွန်းလာအောင် မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံမှ ပြည်သူလူထုတစ်ရပ်လုံး မျှော်လင့်သည့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို လျှောက်လှမ်းရာတွင် ဖိနှိပ်ဟန့်တားမှုများကြားမှ နှစ်ပေါင်းများစွာဖြတ်သန်းရသဖြင့် ပြောင်းလဲမှု မကွာသောနိုင်ငံများ၏ နောက်ဆုံးတွင်ရောက်နေသည်ကို သတိမူရမည် ဖြစ်သည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ အသွင်ကူးပြောင်းမှုကိုဖော်ဆောင်သည့် အရပ်သားအစိုးရ ဆက်ခံဖြေရှင်းနေရသည့်အရေးများတွင် ဖွံ့ဖြိုးမှုအနည်းဆုံးပြည်နယ်ဖြစ်သည့် ရခိုင်ပြည်နယ်၌ ၂၀၁၂ ခုနှစ် ဇွန်လက အသိုက်အဝန်းနှစ်ခုကြားတွင် စတင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများနှင့် ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်များတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် နောက်ဆက်တွဲပြဿနာများမှာ အကြီးမားဆုံးဖြစ်သည်။ ယင်းတို့ကိုအကြောင်းပြု၍ နိုင်ငံတကာမှ အာရုံစိုက်မှုမြင့်တက်လာသည်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေး၊ ရခိုင်ပြည်နယ်အရေးတို့သည် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးအစိတ်အပိုင်းများဖြစ်သော်လည်း နိုင်ငံတကာအနေဖြင့် ရခိုင်ပြည်နယ်အရေးကိုသာ ကွက်၍အာရုံစိုက်နေကြသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို အောင်မြင်ချောမွေ့စွာဖြတ်ကျော်ပြီး မျှော်မှန်းထားသည့်ပန်းတိုင်သို့ ရောက်နိုင်ရန်အတွက် ဒီမိုကရေစီအရေး၊ ငြိမ်းချမ်းရေး၊ ရခိုင်ပြည်နယ်အရေးတို့သာမက မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူအားလုံးတို့၏ လူမှုဘဝလိုအပ်ချက်များကိုပါ စိတ်ရင်းစေတနာ မှန်ကန်စွာဖြင့် ပြည်တွင်း၊ ပြည်ပ ဝိုင်းဝန်းပူးပေါင်း ကူညီလက်တွဲဖြည့်ဆည်းပေးရမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဥရောပသမဂ္ဂသံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယမန်နေ့ မွန်းလွဲ ၂ နာရီက မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး Mr.Kristian Schmidt နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



**ဆွေးနွေး**

တွေ့ဆုံစဉ် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် EU မှ ပူးပေါင်းဆောင်ရွက်မှု၊ ဝန်ကြီးဌာနက အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည့် လယ်ယာကဏ္ဍ၊ ကျေးလက်ဒေသ ကဏ္ဍ၊ အာဟာရကဏ္ဍများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် EU ဘက်မှ ကူညီဆောင်ရွက်ပေးသွားမည့် လုပ်ငန်းများ၊ ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးမြင့်ရေး၊ အာဟာရပြည့်ဝပြီး ဘေးကင်းလုံခြုံစိတ်ချရသည့် အစားအစာများဖြစ်စေရေး ဆောင်ရွက်နေမှု၊ ကဏ္ဍပေါင်းစုံ ပါဝင်သော အမျိုးသားအာဟာရဆိုင်ရာ စီမံကိန်း၏ အာဟာရပိုင်းဆိုင်ရာ လုပ်ငန်းစဉ်များကို လွယ်ကူချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် စီမံကိန်းအစီအစဉ်များ ရေးဆွဲခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ ထိရောက်သော စီမံခန့်ခွဲမှု၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ တာဝန်ခံနိုင်မှု၊ ပွင့်လင်းမြင်သာမှုများဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူ၊ စုပေါင်းသစ်ပင်စိုက်ပျိုး

**ညောင်ရွှေ ဇွန် ၅**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူခြင်းကို ယနေ့နံနက် ၇ နာရီက ညောင်ရွှေမြို့ဝင်အနီးတွင် ဆောင်ရွက်ခဲ့သည်။




**လက်ကမ်းစာစောင်များ ဝေငှ**

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းက အင်းလေးဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပလတ်စတစ်ကင်းစင်ရေးနှင့် အသိပညာပေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခဲ့သည်။

ဆက်လက်၍ ညောင်ရွှေ-နန်းနွဲ့လမ်းဘေးတွင် စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းဆောင်ရွက်ရာ ညောင်ရွှေမြို့နယ် အမှတ်(၁)မဲဆန္ဒနယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများက ရေသင်းဝင်၊ မဲဇလီ၊ မန်ကျည်း၊ အော်ရေးရှား၊ ယူကလစ် စသည့် အပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၅**

ရန်ကုန်(ရွှေဈေး) ၁၀၆၆၀၀၀ - ၁၀၆၆၀၀၀  မန္တလေး(ရွှေဈေး) ၁၀၆၆၀၀၀ - ၁၀၆၆၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၁၅/၉၆၅ ကျပ် | ၉၆၀/၉၈၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၈၀/၉၅၀ ကျပ် | ၉၈၀/၁၀၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၀၀/၉၆၅ ကျပ် | ၈၉၀/၉၂၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၂၅/၉၇၅ ကျပ် | ၉၇၀/၁၀၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၇၀/၈၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၈၀/၈၉၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၄၅/၇၅၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၆.၆ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၂၁.၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၀.၉၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၇၀၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၅.၇၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၂.၀၃၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၁၀.၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၉.၅၄ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၈.၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၉.၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချက်သမ္မတနိုင်ငံ သမ္မတ Mr. Milos Zeman နှင့်တွေ့ဆုံ

**ဘူဒါပက်စ် ဇွန် ၅**

ချက်သမ္မတနိုင်ငံ ပရာ့ဂ်မြို့တွင် ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ချက်သမ္မတနိုင်ငံသမ္မတ Mr. Milos Zeman နှင့် ဇွန် ၄ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၁၅ မိနစ်တွင် ပရာ့ဂ်မြို့ရှိ သမ္မတရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ထိတွေ့ဆက်ဆံသွားရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်၊ ချက်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပရာ့ဂ်မြို့ရှိ အမျိုးသားပြတိုက်၌ ကျင်းပသည့် "မြန်မာ့အလှ" ဓာတ်ပုံပြပွဲဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဓာတ်ပုံပြပွဲတွင် ပြသထားသည့် မြန်မာနိုင်ငံ၏ သဘာဝတောတောင်အလှဓာတ်ပုံများနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများအား ရိုက်ကူးထားသည့် ဓာတ်ပုံများကို လိုက်လံကြည့်ရှုသည်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ချက်သမ္မတနိုင်ငံသမ္မတ Mr. Milos Zeman တို့ တွေ့ဆုံဆွေးနွေးစဉ်။**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပရာ့ဂ်မြို့ အမျိုးသားပြတိုက်၌ ကျင်းပသည့် (မြန်မာ့အလှ) ဓာတ်ပုံပြပွဲ ဖွင့်ပွဲတွင် ပြသထားသည့် ဓာတ်ပုံများအား လှည့်လည်ကြည့်ရှုစဉ်။**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ညနေပိုင်းတွင် ချက်သမ္မတနိုင်ငံ ပရာ့ဂ်မြို့မှ ဟန်ဂေရီနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Martin Tlapa၊ ချက်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာ ချက်နိုင်ငံသံအမတ်ကြီး Mr. Jaroslav Dolecek နှင့် တာဝန်ရှိသူများက ပရာ့ဂ်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် ဟန်ဂေရီနိုင်ငံသို့ရောက်ရှိကြရာ ဟန်ဂေရီနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန Deputy State Secretary Mr. Laszlo Varadi ၊ ဟန်ဂေရီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးအေး၊ မြန်မာနိုင်ငံဆိုင်ရာ ဟန်ဂေရီနိုင်ငံသံအမတ်ကြီး Mr. Szilves Zter Bus၊ အာရှပစိဖိတ်ရေးရာညွှန်ကြားရေးမှူးချုပ် Mr. Peter Jakab၊ သံတမန်ရေးရာ ညွှန်ကြားရေးမှူးချုပ် Ms.Edina Pas Ztor နှင့် ဟန်ဂေရီနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ တာဝန်ရှိသူများက ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ဘူဒါပက်စ်မြို့ရှိ ခေတ္တတည်းခိုမည့် Kempinski ဟိုတယ်သို့ ရောက်ရှိကြသည်။

**သတင်းစဉ်**

◆ **နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

ဟန်ဂေရီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးအေး၊ တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးရာ ဟန်ဂေရီနိုင်ငံ ဝန်ကြီးချုပ်ကလည်း ၎င်းနှင့်အတူ ကြိုဆိုကြသည့် ဟန်ဂေရီနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး Mr. Peter Szijjarto၊ မြန်မာနိုင်ငံဆိုင်ရာ ဟန်ဂေရီသံအမတ်ကြီး၊ တာဝန်ရှိသူများအား ပြန်လည်မိတ်ဆက်ပေးသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဟန်ဂေရီနိုင်ငံဝန်ကြီးချုပ်တို့ တွေ့ဆုံကြရာ မြန်မာနိုင်ငံနှင့် ဟန်ဂေရီနိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုကိစ္စရပ်များ၊ မြန်မာနှင့် ဟန်ဂေရီနှစ်နိုင်ငံအကြား အပြန်အလှန် ထိတွေ့ဆက်ဆံမှု ပိုမိုထိရောက်စွာ တိုးမြှင့်သွားနိုင်ရေးအတွက် နှစ်နိုင်ငံမြို့တော်များတွင် သံရုံးများ အပြန်အလှန် ဖွင့်လှစ်သွားနိုင်ရေး ကိစ္စရပ်များကို နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဟန်ဂေရီနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးရုံးသို့ရောက်ရှိပြီး နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး Mr. Peter Szijjarto နှင့် တွေ့ဆုံသည်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဟန်ဂေရီ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး Mr. Peter Szijjarto ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ ဆွေးနွေးပွဲ ကျင်းပစဉ်။**

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံနှင့် ဟန်ဂေရီနိုင်ငံအကြားဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန် နှစ်ဦးနှစ်ဖက်ဆန္ဒရှိသည်နှင့်အညီ လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားရေးကိစ္စရပ်များ၊ ဟန်ဂေရီနိုင်ငံမှ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အထောက်အကူပြုနိုင်ရန် Tied Aid Credit ချေးငွေပေးအပ်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြားကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင်သာမက လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု တိုးမြှင့်ရေးကိစ္စရပ်များ၊ အာဆီယံဒေသတွင်းနှင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟန်ဂေရီနိုင်ငံမှ မြန်မာနိုင်ငံသို့ ပညာတော်သင်ဆုများ ဆက်လက်ပေးအပ်သွားရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် အီးယူအကြားဆက်ဆံရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေးအတွက် ဟန်ဂေရီနိုင်ငံမှ အကူအညီပေးသွားမည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင် ကူးပြောင်းရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကြိုးပမ်းအားထုတ်မှုများတွင် ဟန်ဂေရီနိုင်ငံမှ အပြုသဘော အကူအညီပေးသွားမည့်ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဟန်ဂေရီနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးတို့သည် ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး Mr. Peter Szijjarto က တည်ခင်းဧည့်ခံသည့် အလုပ်သဘောနေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**





**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။**

❖ **ရှေ့ဖုံးမှ**

သံအမတ်ကြီးများ၊ ပြည်တွင်း ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မိန့်ခွန်းပြောကြားရာ၌ ယနေ့ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့သည် ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အလွန်ထူးခြားလေးနက်သည့်နေ့ဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့နိုင်ငံအသီးသီးတွင် အမျိုးသားအဆင့်နှင့် ဒေသအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြပါကြောင်း၊ ၂၀၁၉ ခုနှစ် နိုင်ငံတကာအဆင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို မိမိတို့၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလျက်ရှိပါကြောင်း။

**လေထုညစ်ညမ်းမှု တိုက်ဖျက်စို့**

မိမိတို့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားအနေဖြင့် လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုဆိုင်ရာ စိန်ခေါ်မှုပြဿနာများထဲတွင် လေထုညစ်ညမ်းမှု ပြဿနာသည် ဦးစားပေးအနေဖြင့် အရေးတကြီး အလေးထားဖြေရှင်းဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်သည်ကို မီးမောင်းထိုးပြသည့်အနေဖြင့် ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနား၏ ဆောင်ပုဒ်အဖြစ် လေထုညစ်ညမ်းမှု တိုက်ဖျက်စို့ (Beat Air Pollution) ဟု သတ်မှတ်ထားပါကြောင်း။

လူသားများသည် ကောင်းစွာအသက်ရှင်နေထိုင်နိုင်ရန်အတွက် သန့်ရှင်းသည့်ရေကို သောက်သုံးရန်၊ သန့်ရှင်းသည့် အစားအသောက်များကို စားသုံးရန် လိုအပ်သကဲ့သို့ သန့်ရှင်းသည့်လေကို အချိန်တိုင်း နေ့စဉ်ရှူရှိုက်နိုင်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ အနာရောဂါကင်းရှင်းပြီး တစ်ဦးချင်းစီ ကျန်းမာဖွံ့ဖြိုးမှုမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ကောင်းကျိုးအဖြာဖြာကို လုပ်ဆောင်ပေးနိုင်မည်ဖြစ်သည့်အတွက် သန့်ရှင်းသောလေကို ရှူရှိုက်နိုင်ရန် “လေထုညစ်ညမ်းမှု တိုက်ဖျက်စို့” ဆောင်ပုဒ်နှင့် ပြည်သူများ အသိပညာပိုမိုနိုးကြားလာစေရန် ယနေ့အခမ်းအနားကို ကျင်းပခြင်းဖြစ်ပါကြောင်း။

လေထုညစ်ညမ်းမှု၏ ဆိုးကျိုးများနှင့်စပ်လျဉ်းပြီး အိမ်တွင်း၊ ရုံးတွင်း လေထုညစ်ညမ်းမှု (Indoor Air Pollution)နှင့် ပြင်ပလေထုညစ်ညမ်းမှု (Outdoor Air Pollution) ဟူ၍ နှစ်ပိုင်းခွဲပြီး လေ့လာကြည့်နိုင်ပါကြောင်း၊ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်၏ လေ့လာဆန်းစစ်တွေ့ရှိချက်အချို့ကို ကောက်နုတ်ပြောရမည်ဆိုပါက ကမ္ဘာတစ်ဝန်းတွင် နေ့စဉ်ချက်ပြုတ်နိုင်ရန်အတွက် ထင်း၊ မီးသွေးနှင့် အခြားရုပ်ကြွင်းလောင်စာများကို အသုံးပြုရာမှ အိမ်တွင်းနှင့် စက်ရုံ၊ အလုပ်ရုံအတွင်း လေထုညစ်ညမ်းမှုများကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်စေပြီး နှစ်စဉ်လူဦးရေ ၄ ဒသမ ၃ သန်းခန့် သေဆုံးနေကြရပါကြောင်း၊ ထို့ပြင် စက်မှု၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍများမှ အခိုးအငွေ့ထုတ်လွှတ်မှုများ၊ တောမီးလောင်ကျွမ်းမှုများ၊ သဲနှင့် ဖုန်မှုန့်များပါရှိသည့် မုန်တိုင်းတိုက်ခတ်မှုများကြောင့် ပြင်ပလေထုညစ်ညမ်းမှုဖြစ်စေပြီး နှစ်စဉ်လူဦးရေ ၃ ဒသမ ၇ သန်းခန့် သေဆုံးနေကြရပါကြောင်း၊ အဆိုပါ သေဆုံးမှုများထဲတွင် မိမိတို့၏ အရှေ့တောင်အာရှနှင့် အနောက်ပစိဖိတ်ဒေသများတွင် ဆုံးရှုံးမှုအများဆုံးဖြစ်ပြီး ကလေးများနှင့် အမျိုးသမီးများသည် ပိုပြီးခံစားရသည်ဟု လေ့လာသိရှိရပါကြောင်း။

**ကာကွယ်ထိန်းချုပ်**

ပလတ်စတစ် စွန့်ပစ်ပစ္စည်းများကို ဟင်းလင်းပြင်တွင် မီးရှို့ဖျက်ဆီးခြင်းသည်လည်း လေထုညစ်ညမ်းစေပြီး အနီးပတ်ဝန်းကျင်တွင် နေထိုင်ကြသူများ၏ ကျန်းမာရေးအပေါ် ထိခိုက်မှုအန္တရာယ်ကြီးမားသည့် အပြင် ရာသီဥတုပြောင်းလဲမှုကိုပါ ဖြစ်ပေါ်စေသည့်အတွက် တားဆီးကာကွယ်ထိန်းချုပ်မှုများ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကိန်းဂဏန်းများအရ ကမ္ဘာ့မြို့ပြဒေသများတွင်နေထိုင်သည့် လူဦးရေ၏ ထက်ဝက်ကျော်သာ သန့်ရှင်းသည့် လေကို ရှူရှိုက်ခွင့်ရကြသည်ဟု လေ့လာသိရှိရပါကြောင်း။

ထို့ကြောင့် ကမ္ဘာကြီးတွင် လေထုညစ်ညမ်းမှု ပြဿနာသည် ဦးစားပေးအနေဖြင့် အစဉ်တစိုက် ရေရှည်ဖြေရှင်းဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်ဆိုင်ရာ အဓိကစိန်ခေါ်မှုတစ်ခုဖြစ်သည်ကို ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်က ဖော်ညွှန်းနေပါကြောင်း။

**လေထုညစ်ညမ်းမှုဖြစ်ပေါ်**

ကမ္ဘာ့ဘဏ်၏ လေ့လာဆန်းစစ်ချက်များအရ လေထုညစ်ညမ်းမှုကြောင့် စီးပွားရေးဆုံးရှုံးမှု နှစ်စဉ် အမေရိကန်ဒေါ်လာ ၅ ထရီလီယံကို တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် အသုံးပြုနေရပါကြောင်း၊ သာဓကအချို့ကို ပြောရလျှင် အမေရိကန်နိုင်ငံတွင် စွမ်းအင်ထုတ်လုပ်ရာမှ လေထုညစ်ညမ်းမှုဖြစ်ပေါ်ခြင်းကြောင့် ၂၀၁၁ ခုနှစ်၌ ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်အပါအဝင် စီးပွားရေးအပေါ် ထိခိုက်မှုများအတွက် အမေရိကန် ဒေါ်လာ ၁၃၁ ဘီလီယံခန့် ကုန်ကျခဲ့ကြောင်း၊ အောက်စဖို့ဒ်တက္ကသိုလ်၏ လေ့လာမှုအရ မော်တော်ယာဉ်များနှင့် မီးရထားများကြောင့် လေထုညစ်ညမ်းမှုအတွက် နှစ်စဉ် ပေါင် ခြောက်ဘီလီယံခန့် ကုန်ကျနေရကြောင်း၊ ဥရောပပတ်ဝန်းကျင်အေဂျင်စီ (European Environment Agency)၏ လေ့လာတွေ့ရှိချက်အရ ဥရောပတွင် စက်မှုလုပ်ငန်းပေါင်း ၁၄၀၀၀ ကျော်မှ ထုတ်လွှတ်သည့် အခိုးအငွေ့များကြောင့် ၂၀၁၂ ခုနှစ်တွင် ယူရို ၁၈၉ ဘီလီယံခန့် ကုန်ကျခဲ့ရသည်ဟု သိရှိရပါကြောင်း။

**အရေးယူဖြေရှင်း**

Organization for Economic Co-operation and Development (OECD) ၏ လေ့လာတွေ့ရှိချက်တွင်လည်း ပြင်ပလေထုညစ်ညမ်းမှုကြောင့် အချိန်မတိုင်ခင် သေဆုံးမှုများအတွက် တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် နှစ်စဉ်ကုန်ကျစရိတ်သည် ၂၀၆၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၈ ထရီလီယံမှ ၂၅ ထရီလီယံအထိ ရှိလာနိုင်သည်ဟု သိရှိရပါကြောင်း၊ မိမိတို့အားလုံး အသက်ရှင်နေထိုင်နိုင်ရန်အတွက် သန့်ရှင်းသည့်လေကို နေ့စဉ်ရှူရှိုက်ခွင့်ရရှိနေရန် အလွန်ပင်အရေးကြီးလှပါကြောင်း၊ ထို့ကြောင့် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ ပတ်ဝန်းကျင်ညီလာခံတွင် လေထုညစ်ညမ်းမှုပြဿနာကို အလျင်အမြန်အရေးယူဖြေရှင်းဆောင်ရွက်ရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်ဟု သိရှိရပါကြောင်း။

မကြာသေးမီကာလအထိ မြန်မာနိုင်ငံအနေဖြင့် အခြားဖွံ့ဖြိုးပြီးနိုင်ငံများကဲ့သို့ စက်မှုလုပ်ငန်းများစွာ မရှိသေးသည့်အတွက် မြို့ပြဒေသများတွင် လေထုညစ်ညမ်းမှုသည် ဆိုးရွားပြင်းထန်သည့် အခြေအနေလောက်အထိ မဖြစ်ပေါ်သေးပါကြောင်း၊ သို့သော်လည်း ယခုနောက်ပိုင်းကာလများတွင် စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်များနှင့် စက်မှုလုပ်ငန်းရင်းနှီးမြှုပ်နှံမှုများ၊ မြို့ပြ၊ ပို့ဆောင်ရေး၊ အဆောက်အအုံနှင့် မော်တော်ယာဉ်အသုံးပြုမှု များပြားလာမှုများသည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအပါအဝင် စွန့်ပစ်ပစ္စည်းများနှင့် အခိုးအငွေ့ထုတ်လွှတ်မှုများ များပြားလာမှုကြောင့် ပတ်ဝန်းကျင်နှင့် လေထုညစ်ညမ်းမှုပြဿနာများ ဖြစ်ပေါ်လာနိုင်သည့်အတွက် စွန့်ပစ်ပစ္စည်းနှင့် လေထုညစ်ညမ်းမှု ထိန်းချုပ်ရေး အပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအမံများကို ကဏ္ဍအသီးသီးတွင် အလေးထား ပေါင်းစပ်နိုင်ရန်အတွက် စနစ်တကျ ကြိုတင်စီမံဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

**စောင့်ကြည့်လေ့လာ**

မိမိတို့၏ ပတ်ဝန်းကျင်တွင် သန့်ရှင်းသည့် လေထုအရည်အသွေးကို ရရှိခံစားနိုင်ရန် လက်တွေ့ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ပြန်ကြည့်မည်ဆိုပါက ပတ်ဝန်းကျင် အထောက်အကူပြုနည်းပညာများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ လေထုညစ်ညမ်းမှုနည်းစေသည့် သန့်စင်သည့် စွမ်းအင်အရင်းအမြစ်များကို ပြောင်းလဲအသုံးပြုခြင်း၊ ရေရှည်တွင် နေရောင်ခြည်၊ လေ၊ ရေ စွမ်းအင်ကဲ့သို့သော ပတ်ဝန်းကျင်လေထုကို ညစ်ညမ်းမှု မရှိစေသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဲ့သို့သော အစိမ်းရောင်စီးပွားရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ အများပြည်သူပို့ဆောင်ရေးစနစ် ပိုမိုတိုးမြှင့်ပြီး မော်တော်ယာဉ်များ၏ ထုတ်လွှတ်အခိုးအငွေ့အပါအဝင် လေထုအရည်အသွေး စံချိန်စံညွှန်းများ ချမှတ်ပြီး စနစ်တကျကြပ်မတ်ဆောင်ရွက်ခြင်း၊ စွန့်ပစ်အမှိုက်များကို ဟင်းလင်းပြင်တွင် မီးရှို့သည့်နည်းကို မသုံးဘဲ စွန့်ပစ်အမှိုက်များကို လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ အသစ်တစ်ဖန် ထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာများ အသုံးပြုခြင်း၊ အိမ်တွင်း ချက်ပြုတ်မှုများအတွက် လောင်စာသက်သာပြီး အပူစွမ်းအင်ပိုကောင်းသည့် မီးဖိုများကို ကျေးလက်ဒေသများတွင် ကျယ်ပြန့်စွာဖြန့်ဝေပေးခြင်း၊ ပတ်ဝန်းကျင် ဆန်းစစ်မှုနှင့် စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ခြင်းများနှင့်အတူ လူတစ်ဦးတစ်ယောက်ချင်းစီ၏ ခံယူချက်၊ လုပ်ဆောင်ချက်များကစပြီး အခြေခံကျကျ ပြုပြင်ပြောင်းလဲသွားရမည် ဖြစ်ပါကြောင်း။

အဆိုပါ လုပ်ငန်းစဉ်များအတွက် ရေရှည်မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်သကဲ့သို့ တစ်ချိန်တည်းတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ကြရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း။

ယခုနှစ် နွေရာသီ မတ်လနှင့် ဧပြီလအတွင်း မြန်မာ-ထိုင်းနယ်စပ်၌ တောမီးလောင်ကျွမ်းမှုကြောင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုများနှင့် ကြုံတွေ့ခဲ့ရပါကြောင်း၊ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက် (ASEAN Agreement on Transboundary Haze Pollution)အရ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု မရှိစေရန် ကာကွယ်ခြင်းနှင့် စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဌာနများက နိုင်ငံအတွင်း မီးထိန်းချုပ်ရေးအစီအမံများနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အိမ်နီးချင်းနိုင်ငံများ၊

**စာမျက်နှာ ၅ သို့**❖



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အလွတ်တမ်းဆောင်းပါးပြိုင်ပွဲ ပထမဆုရ ဦးနေဦးလွင်(မောင်နေဦး-မြို့ပြ)အား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။**




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❖ စာမျက်နှာ ၄ မှ

နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ပိုမိုအားကောင်းလာအောင် ညှိနှိုင်းဆောင်ရွက်သွားရန်လည်း တိုက်တွန်းလိုပါကြောင်း။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan- MSDP)၏ လမ်းညွှန်ချက်နှင့်အညီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးလုပ်ငန်းစဉ်များကို ကဏ္ဍအသီးသီးတွင် ပေါင်းစပ်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ အတည်ပြုပြီးဖြစ်သည့် မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မအစီအစဉ်များကို ယနေ့ဖြန့်ဝေထားပြီးဖြစ်ပါကြောင်း။

### လက်တွေ့ကျကျ ပေါင်းစပ်

နိုင်ငံတော်အနေဖြင့် အဆိုပါမူဝါဒများ ထုတ်ပြန်နိုင်ခြင်းအပေါ် များစွာဂုဏ်ယူမိပါကြောင်း၊ တစ်ဆက်တည်းတွင် ယင်းမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်များကို ရေတိုရေရှည် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများစသည့် ကဏ္ဍအသီးသီးတွင် လက်တွေ့ကျကျ ပေါင်းစပ်ပြီး ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် အလေးအနက်ထားပြောကြားလိုပါကြောင်း။

လေထုညစ်ညမ်းမှုသည် ဒေသဆိုင်ရာ၊ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုကို ဖြစ်စေသည့် အဓိကအကြောင်းရင်းတစ်ခုဖြစ်သည့်အတွက် လေထုညစ်ညမ်းမှုကို လျှော့နည်းအောင် ပြုလုပ်ခြင်းအားဖြင့် အခြားတစ်ဖက်တွင်လည်း ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲမှုကိုဖြစ်စေသော မှန်လုံအိမ်အာနိသင်ရှိသည့် ဓာတ်ငွေ့များ လျှော့ပါးရေးကို အထောက်အကူဖြစ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့မိတ်ဆက်ဖြန့်ဝေထားပြီးဖြစ်သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းစဉ် အတည်ပြုထုတ်ပြန်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးကို တင်ပြလာသည့် အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ကို ကဏ္ဍအသီးသီးတွင် ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် လေထုညစ်ညမ်းမှုကို ကာကွယ်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

လက်ရှိထုတ်ပြန် ပြဋ္ဌာန်းထားပြီးဖြစ်သည့် ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို သက်ဆိုင်ရာဝန်ကြီးဌာန၊ မြို့ပြအဖွဲ့အစည်းများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များ၊ ကျောင်းသူကျောင်းသားများ၊ ပြည်သူများအနေဖြင့် သိရှိနားလည်ရန်၊ မိမိတို့၏ကဏ္ဍအလိုက် ဖွံ့ဖြိုးမှုစီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းအသီးသီးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး လုပ်ငန်းစဉ်များကို မဖြစ်မနေ ထည့်သွင်းပေါင်းစပ်ပြီး အလေးထား အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် နိုင်ငံတကာတွင် အောင်မြင်နေသည့် နည်းပညာ၊ အတွေ့အကြုံများအပေါ် အခြေခံပြီး သဘာဝဂေဟစနစ်နှင့် သယံဇာတများ ရေရှည်တည်တံ့ရေး၊ မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးနှင့် လေထုညစ်ညမ်းမှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်သွားခြင်းအားဖြင့် ရေရှည်တည်တံ့ပြီး စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင် ဟန်ချက်ညီသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အာမခံချက်ရရှိနိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်

ယခုကဲ့သို့ မူဝါဒ၊ မဟာဗျူဟာ၊ ပင်မလုပ်ငန်းစဉ်များ ထုတ်ပြန်နိုင်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများအတွက် နည်းပညာ၊ ငွေကြေးအထောက်အပံ့ပေးနေသည့် ဥရောပသမဂ္ဂ (European Union)၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme-UNDP)၊ ကုလသမဂ္ဂအခြေချနေထိုင်မှုအစီအစဉ် (UN-Habitat)၊ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (United Nations Environmental Programme-UNEP)၊ ကမ္ဘာ့ဘဏ် (World Bank)၊ အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank-ADB)၊ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (Food and Agriculture Organization of the United Nations-FAO)၊ ဂျပန်နိုင်ငံအခြေစိုက် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ မဟာဗျူဟာအဖွဲ့ (Institute for Global Environmental Strategies-IGES)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency-JICA)၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Korea International Cooperation Agency- KOICA)၊ နော်ဝေပတ်ဝန်းကျင်အေဂျင်စီ (Norwegian Environment Agency-NEA)၊ ကမ္ဘာ့သဘာဝဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေအဖွဲ့ (World Wide Fund for Nature-WWF)၊ ကမ္ဘာ့အစိမ်းရောင်ဖွံ့ဖြိုးရေးအဖွဲ့ (Global Green Growth Institute-GGGI)စသည့် နိုင်ငံတကာအဖွဲ့အစည်းများကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မူဝါဒရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးကြရန် အလေးအနက်တိုက်တွန်းပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း အလွတ်တမ်းစာစီစာကုံးပြိုင်ပွဲ ပထမဆုရ ဦးဝေယံမိုးအား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

### လေထုညစ်ညမ်းမှုကို တိုက်ဖျက်

လူသားအားလုံး အသက်ရှင်နေထိုင်နိုင်ရေးအတွက် သန့်ရှင်းသော လေနှင့် ရေသည် မရှိမဖြစ်လိုအပ်သောကြောင့် ကမ္ဘာ့နိုင်ငံများအနေဖြင့်လည်း လေထုနှင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်စေနိုင်သည့် ကိစ္စအဝဝကို ဆင်ခြင်တုံတရား လက်ကိုင်ထားပြီး ရှောင်ကြဉ်ကြရန် လိုအပ်ပါကြောင်း၊ ပျက်စီးယိုယွင်းလာသည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ကမ္ဘာ့နိုင်ငံများအားလုံးက ပူးပေါင်းပါဝင် ဆောင်ရွက်ကြမှသာလျှင် အချိန်မီထိန်းသိမ်းနိုင်မည် ဖြစ်ပါကြောင်း၊ ကမ္ဘာသူ၊ ကမ္ဘာသားများကလည်း အသိတရားရှိရှိဖြင့် ပံ့ပိုးကူညီကြမှသာလျှင် ကမ္ဘာ့ပတ်ဝန်းကျင်ပျက်စီးမှုကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း။

ခြုံငုံပြီးပြောရမည်ဆိုပါက မိမိတို့၏ အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒရေရှည်မျှော်မှန်းချက်ဖြစ်သည့် “မြန်မာနိုင်ငံတွင်းမှီတင်းနေထိုင်နေကြသူအားလုံး၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာပျော်ရွှင်ရေးအတွက် သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရန်”၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၏ ရည်မှန်းချက်ဖြစ်သည့် “လက်ရှိနှင့် အနာဂတ်မျိုးဆက်များ ချမ်းသာသုခ ရရှိစေရေးအတွက် ရေရှည်တည်တံ့ပြီး ကြွယ်ဝချမ်းသာမှုရှိကာ ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိသော ကာဗွန်ထုတ်လွှတ်မှု လျော့နည်းသည့် လူမှုအဖွဲ့အစည်းတစ်ခု ဖြစ်လာစေရန်”၊ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မအစီအစဉ်၏ မျှော်မှန်းချက်ဖြစ်သည့် “မြန်မာနိုင်ငံ၏ တောက်ပသောအနာဂတ်ကို ရည်မှန်း၍ ထာဝစဉ်စိမ်းလန်းသန့်ရှင်းပြီး ကောင်းမွန်မျှတသော ပတ်ဝန်းကျင်ကို ဖော်ဆောင်သွားရန်” စသည့် မူဝါဒနှင့် လုပ်ငန်းစဉ်များကို အထိမ်းအမှတ်ဆောင်ပုဒ်နှင့်အညီ လေထုညစ်ညမ်းမှုကို တိုက်ဖျက်နိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် ချမှတ်ထားပြီးဖြစ်ပါကြောင်း။

### ဖွံ့ဖြိုးတိုးတက်

ယနေ့အခမ်းအနားကို တက်ရောက်လာကြသည့် ဧည့်သည်တော်များ အပါအဝင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေသည့် မိမိတို့၏ နေ့စဉ်ပြုမူနေထိုင်မှုပုံစံများကို ပြုပြင်ပြောင်းလဲပြီး မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး Mr.Peter Batchelor က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်(UNEP) အမှုဆောင်ညွှန်ကြားရေးမှူးတို့၏ သဝဏ်လွှာဗီဒီယိုဖိုင်များကို ပြသပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေး အမှတ်စဉ် (၂၂/၂၀၁၈)နှင့် (၄/၂၀၁၉)တို့၏ အတည်ပြုချက်အရ မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒနှင့် မြန်မာနိုင်ငံအမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀) တို့ကို အတည်ပြုထုတ်ပြန်ပြီးဖြစ်ကြောင်း အသိပေးကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် အလွတ်တမ်း ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ဦးနေဦးလွင် (မောင်နေဦး-မြို့ပြ)၊ ဒုတိယဆုရရှိခဲ့သည့် ဒေါ်ညိုညိုအောင် (ညိုညိုအောင်-စိုက်ပျိုးရေး)နှင့် တတိယဆုရရှိခဲ့သည့် ဦးကျော်ဆွေဦး (ကျော်ဆွေဦး) တို့ထံ ဂုဏ်ပြုဆုတံဆိပ်များကို လည်းကောင်း၊ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုရရှိကြသည့် အခြေခံပညာအထက်တန်းကျောင်း- ရေနံ့သာမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆန်းဥ၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း-စမ်းချောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာစန္ဒာမြငြိမ်း၊ အခြေခံပညာမူလတန်းကျောင်း-သရက်ပင်ကံဆွယ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရှိုစ်မေရီမင်းနှင့် အမှတ်(၆) အခြေခံပညာ မူလတန်းကျောင်း-ပင်းတယမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိမိတို့ထံ ဂုဏ်ပြုဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

### ပေးအပ်ချီးမြှင့်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် အလွတ်တမ်းစာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ဦးဝေယံမိုး၊ ဒုတိယဆုရရှိခဲ့သည့် ဦးဝင်းထွန်းနှင့် တတိယဆုရရှိခဲ့သည့် ဦးနေဇော်အောင်တို့ထံ ဂုဏ်ပြုဆုတံဆိပ်များကိုလည်းကောင်း၊ Video clip ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ဒေါ်မေဇော်ထွန်း၊ ဒုတိယဆုရရှိခဲ့သည့် ဒေါ်နှင်းအိဝင်း၊ တတိယဆုရရှိခဲ့သည့် ဒေါ်ခင်သန္တာမျိုးနှင့် နှစ်သိမ့်ဆုရရှိခဲ့သည့် ဦးမင်းစိုးသူရတို့ထံ ဂုဏ်ပြုဆုတံဆိပ်များ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် “သန့်စင်သောလေရှူရှိုက်ဖို့ လေထုညစ်ညမ်းမှု တိုက်ဖျက်စို့” အသိပညာပေး ဗီဒီယိုဖိုင်ကို ပြသသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ အတွင်း သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းများမှ ခင်းကျင်းပြသထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်မှုပြကွက်များကို လှည့်လည်ကြည့်ရှုသည်။

**သတင်းစဉ်**

# အန္တရာယ်ရှိကုန်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်ထိန်းသိမ်းခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၅**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် အစည်းအဝေး ၁၅ ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာတစ်စု ဖတ်ကြားရှင်းလင်းခြင်း၊ အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## မုန်းချောင်းတမံနှင့် ကြီးအုံကြီးဝတမံတို့၏ ရေပြင်ဧရိယာများတွင် စီးပွားဖြစ်ငါးမွေးမြူခြင်းနှင့် ငါးသားပေါက်သုတေသနစခန်းများ ဆောင်ရွက်ရန် သင့်လျော်မှုမရှိ

အစည်းအဝေးတွင် ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၏ **ကြီးအုံကြီးဝနှင့် မုန်းတမံရေဝပ်ဧရိယာ ရေကန်ပြင်တွင် ရေချိုငါး စီးပွားဖြစ်မွေးမြူရန်နှင့် သဘာဝငါးမွေးမြူရေး သုတေသနစခန်းဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မကွေးတိုင်းဒေသကြီးအတွင်းရှိ မုန်းချောင်းတမံနှင့် ကြီးအုံကြီးဝတမံတို့၏ ရေပြင်ဧရိယာများတွင် စီးပွားဖြစ်ငါးမွေးမြူခြင်းလုပ်ငန်းဆောင်ရွက်ရန် တမံများ၏ နောင်ရေရှည်ကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအပေါ် ထိခိုက်စေနိုင်သည့်အတွက် နှစ်စဉ်မိုးရာသီ၌ ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းကိုသာ ဆောင်ရွက်သင့်ပြီး စီးပွားဖြစ်ငါးမွေးမြူခြင်းနှင့် ငါးသားပေါက်သုတေသနစခန်းများဆောင်ရွက်ရန် သင့်လျော်မှုမရှိပါကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့်လည်း ဒေသတွင်း ငါးမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေသည့်အစီအမံများကို လျာထားစီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း၏ **လှိုင်လင်မြို့နယ် တန့်အယ်ကျေးရွာအုပ်စုရှိ လယ်ယာမြေများ အပြည့်အဝ စိုက်ပျိုးလုပ်ကိုင်နိုင်ရန် ရေစီးရေလာအားကောင်းသည့် နမ့်ပွန်ချောင်းပေါ်တွင် ဖိုင်လုံဆည်နှင့် ကုန်းကျောင်းဆည်တို့အား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာ ဦးသန်းအောင်စိုး၏ **ခိုင်းနွား၊ နို့စားနွား၊ အသားစားနွားများ မွေးမြူမှုဖွံ့ဖြိုးတိုးတက်စေရန်အတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားပါသည်**နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း၏ **လက်ပံတန်းမြို့နယ် ဇီးဖြူကုန်းကျေးရွာအုပ်စုတွင် ယခင်ဇီးဖြူကုန်းတိုက်နယ်ဆေးရုံမြေ (၆ ဒသမ ၃၃၆) ကေအနက်မှ စိုက်ပျိုးရေးဂိုဒေါင်ဆောက်လုပ်ရန်အတွက် ၁၉၇၈-၁၉၇၉ ခုနှစ် စိုက်ပျိုးရေးဦးစီးဌာနက ရယူခဲ့သော မြေဧရိယာ (၂ ဒသမ ၁၉၉) ကေအား ယခုဆေးရုံမြေအဖြစ် ပြန်လည်လွှဲပြောင်းရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၏ **ကျွန်းစုမြို့နယ်ဆိပ်ကမ်းရှိ ဆိပ်ခံတံတားနှင့် ဖောတံတား (Jetty) အကြား ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် အထက် (၄၈ × ၂၀ × ၆ ဒသမ ၅) ပေ တလင်းပေါင်းကူးတံတားအား အသေးစားနှစ်စင်း သို့မဟုတ် ကြားခံ (Jetty) သံမဏိဆိပ်ခံတစ်ခုတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ကျွန်းစုမြို့နယ် ဆိပ်ကမ်းရှိ ဆိပ်ခံတံတားနှင့် ဖောတံတားတို့အကြား ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ အချိန်အခါမရွေး လွယ်လင့်တကူ အတက်၊ အဆင်း သွားလာအသုံးပြုနိုင်ရန်အတွက် သံကူကွန်ကရစ် ဆိပ်ခံဧရိယာ ၉၉၀ စတုရန်းပေကို ပြန်လည်ပြုပြင်ခြင်းနှင့် (၄၈ × ၂၀ × ၆ ဒသမ ၅) ပေ အရွယ် သံမဏိဆိပ်ခံဖောတံတားအသစ်တစ်ခု ပြုလုပ်တပ်ဆင်ခြင်းလုပ်ငန်းများ ကို ဆောင်ရွက်ပေးရမည်ဖြစ်သောကြောင့် စုစုပေါင်းခန့်မှန်းကုန်ကျငွေ ငွေကျပ် ၂၇၉ ဒသမ ၇၇ သန်းခန့် ရှိမည်ဖြစ်သဖြင့် ကုန်ကျငွေများ များပြားသောကြောင့် ကျွန်းစုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ရမည်ဆိုပါက မြို့ပြတည်ဆောက်ရေးလုပ်ငန်းများမှ အများအပြားလျော့နည်းသွားမည်ဖြစ်သဖြင့် အဆိုပါ ကုန်ကျစရိတ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရန်ပုံငွေများချထားပေးပါက အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဘတ်ဂျက်လျာထားရေးဆွဲသည့် အချိန်မှသာ ထည့်သွင်းလျာထားသွားနိုင်မည်ဖြစ်ပါကြောင်းကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြေကြားထားပါကြောင်း။

ကျွန်းစုမြို့နယ်ရှိ ကွန်ကရစ်ဆိပ်ခံတံတားသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် မြိတ်ဆိပ်ကမ်းနယ်နိမိတ်ပြင်ပတွင်တည်ရှိပြီး ကျွန်းစုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စီမံခန့်ခွဲလျက်ရှိပါကြောင်း၊ ၎င်းကွန်ကရစ် ဆိပ်ခံတံတားနှင့် ဖောတံတားအကြားတွင် လိုအပ်လျက်ရှိသော လူအတက်၊ အဆင်း ပြုလုပ်ရန် ဖောတစ်စုံနှင့် ဆိပ်ခံဖောတစ်စုံတို့ကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဒေသရန်ပုံငွေဖြင့် တည်ဆောက်မည်ဆိုပါက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ဆိပ်ကမ်းတံတားတည်ဆောက်ရေးဆိုင်ရာ နည်းပညာများ အကူအညီပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၏ **အန္တရာယ်ရှိကုန်ပစ္စည်းများ**


ဒုတိယဝန်ကြီး
ဦးကျော်မျိုး


ကျွန်းစုမဲဆန္ဒနယ်မှ
ဒေါ်တင်တင်ရီ


ဒုတိယဝန်ကြီး
ဦးဝင်းမော်ထွန်း


ကျောက်တန်းမဲဆန္ဒနယ်မှ
ဒေါ်အေးမြမြမျိုး

**အား ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်ထိန်းသိမ်းခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် စက်သုံးဆီအရောင်းဆိုင်များ ဆီဘောက်ဆာယာဉ်များတွင် လုပ်ကိုင်ဆောင်ရွက်နေသူများအား လိုအပ်သောသင်တန်းများကို သင့်လျော်သောဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာနက သင်တန်းများပေးရန်နှင့် အသိအမှတ်ပြု လက်မှတ်ရရှိသူများကိုသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက အန္တရာယ်ရှိသောကုန်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်ထိန်းသိမ်းခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန စက်သုံးဆီအရောင်းဆိုင်များ၊ ဆီဘောက်ဆာယာဉ်များတွင် လုပ်ကိုင်ဆောင်ရွက်နေသူများနှင့် လုပ်ကိုင်ဆောင်ရွက်လိုသူများကို သင်တန်းများပေး၍ အသိအမှတ်ပြုလက်မှတ်ရရှိသူများကိုသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည့် အစီအမံများတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးအောင်ကျော်လွင်၏ **စေတုတ္တရာမြို့နယ် စလင်း-စေတုတ္တရာကားလမ်းမပေါ်ရှိ MPT ဖုန်းတိုင်များ၊ ဖုန်းကြိုးများနှင့် တယ်လီဖုန်း Connection box များမှာ လဲပြိုနေခြင်း၊ မြေပြင်ပေါ်ကျနေခြင်းများ နှစ်နှင့်ချီ၍ ကြာမြင့်စွာ ဖြစ်ပွားနေမှုကြောင့် MPT ဖုန်းလိုင်းများ မကြာခဏပျက်နေမှုအား မည်သူက တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်ကိုသိလိုခြင်း**မေးခွန်း၊ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်၏ **ထီးချိုင့်မြို့နယ် ရောဝတီတံတား(ထီးချိုင့်) ၏ ရေလယ်တိုင်များကြောင့် တံတား၏အထက်နှင့် အောက်ဘက်တို့တွင် သောင်များဖြစ်ထွန်းလာပြီး မြစ်ကမ်းအနီးရှိ ကျေးရွာများနှင့် စိုက်ပျိုးမြေများ ကမ်းပါးပြိုတိုက်စားခြင်းမှကာကွယ်ရန် ရောဝတီမြစ်ကြောင်း ထိန်းသိမ်းခြင်းကို မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်း**မေးခွန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း၏ **သံဖြူဇရပ်မြို့ အမှတ်(၃)သုခကာရီရိပ်သာ၏ မျက်နှာစာတွင် ပိတ်ကာနေသော မီးရထားနှင့် ကားလမ်းခွဲတံခါးစောင့်၏ သစ်သားတဲကို အခြားလွတ်ကင်းရာ မီးရထားမြေသို့ ရွှေ့ပြောင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်၏ **ပြည်တွင်းသို့ မော်တော်ကားများတင်သွင်းရာတွင် ကောက်ခံနေသော အခွန်မျိုးစုံအား သင့်လျော်သော နှုန်းထားသို့ ဖြေလျှော့ပေးခြင်း၊ မော်တော်ယာဉ်ပိုင်ရှင်တို့အား လမ်းဘေးတွင် ယာဉ်ရပ်နားခ၊ ညအိပ်ရပ်နားခ၊ မောင်းနှင်နေစဉ် လမ်းအသုံးပြုခတို့ကို တိုးမြှင့်ကောက်ခံပြီး ဥပဒေနှင့်မညီသည့် အသုံးပြုသောယာဉ်နှင့် ယာဉ်အသုံးပြုသူတို့အား ထိရောက်သော အရေးယူခြင်းတို့ ပြုလုပ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

## ဒေသသင်ရိုးသည် ဒေသလိုအပ်ချက်နှင့်အညီ ပြုစုထားသည့် အကြောင်းအရာများဖြစ်သဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် သင်ကြားနိုင်မည်

ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၏ **ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် ဒေသသင်ရိုးရေးဆွဲနိုင်ရန် တိကျသည့် မူဝါဒချမှတ်ပေးခြင်း၊ ပညာရှင်များ၊ ဒေသခံများပါဝင်ဆွေးနွေးခွင့်ရရှိနိုင်သည့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန်နှင့် အချိန်မီစာအုပ်ရိုက်နှိပ်နိုင်ရန်အတွက် မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၉(ဆ) ပါ ပြဋ္ဌာန်းချက်အရ ဒေသသင်ရိုးသည် ပြည်ထောင်စုအစိုးရက ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဒေသလိုအပ်ချက်နှင့်အညီ ပြုစုထားသည့်အကြောင်းအရာများဖြစ်သဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် သင်ကြားနိုင်မည်ဖြစ်ပါကြောင်း၊ သင်ကြားမည့်အကြောင်းအရာ၊ သင်ခန်းစာ၊ ကျောင်းသုံးစာအုပ်အပါအဝင် သင်ကြားသင်ယူမှုပစ္စည်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းတို့သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများက စီစဉ်ဆောင်ရွက်မည့်လုပ်ငန်းများဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး၏ **မက်မန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(မက်မန်း)တွင် ပေ (၁၀၀ × ၃၀) နှစ်ထပ်စာသင်ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး၏ **ဆီဆိုင်မြို့နယ် ဆိုက်ခေါင် အခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော ဆရာ ဆရာမများကို အခြားသော အထကကျောင်းများကဲ့သို့ ခွဲဝေ ၁၂ ဦးနှင့်အညီ အမြန်ဆုံးခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ**မေးခွန်း၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၏ **မိုင်းပျဉ်းမြို့နယ် ဟောင်ကန်ကျေးရွာအုပ်စု နားယန့်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)အား လာမည့်ဘဏ္ဍာနှစ်တွင် အသစ်ပြုပြင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း၏ **ဘုတ်ပြင်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ဥပဓိရုပ် မကောင်းတော့သည့် နဝရတ်(ခန်းမ) အဆောက်အအုံနေရာတွင် (၁၅၀ × ၃၀ × ၂၂)ပေ အရွယ်အစားရှိ စံကိုက် နှစ်ထပ်ပင်မကျောင်းဆောင်တစ်ဆောင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှင်းလင်းဖြေကြားသည်။

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဝင် ဒေါ်မြခွာညိုဦးက မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဥပဒေကြမ်းအား အတည်ပြုပေးနိုင်ပါရန်တင်သွင်းပြီး အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးပါထန်းက အစီရင်ခံစာဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း တင်သွင်းသည့် **အခြေခံပညာမူလတန်းသင် ဆရာ ဆရာမ ဝန်ထမ်းရွေးချယ်ခန့်ထားရာတွင် တိုင်းရင်းသားဒေသကျေးရွာကျောင်းများ၏ လိုအပ်ချက်အလိုက် ထိုဒေသခံကျေးရွာရှိ ဘွဲ့ရတိုင်းရင်းသား တိုင်းရင်းသူများကို ဦးစားပေးခန့်အပ်ရေး မူဝါဒတစ်ရပ်ထည့်သွင်းချမှတ်အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင်က ပညာရေးစီမံခန့်ခွဲရာတွင် ကျောင်းသားဆရာအချိုး တစ်အချိုး ၂၉ သာ ရှိသော်လည်း မြို့ပေါ်တွင် ပိုလျှံနေပြီး နယ်များတွင် လစ်လပ်နေသည်ကို တွေ့ရသောကြောင့် ညီမျှအောင်ထားနိုင်မှသာ အခက်အခဲများ အဆင်ပြေမည်ဖြစ်ပါကြောင်း၊ ဆရာမများ အများဆုံးရှိသည့် ပညာရေးဌာနတွင် သားဖွားခွင့်ပေးပါက ယခင်သုံးလအစားယခု ခြောက်လပေးသောကြောင့် လူအစားထိုးရန် အလွန်ခက်ခဲပါကြောင်း၊ လက်မှတ်မဲ့ ဆရာ ဆရာမများအတွက် ကျောင်းအတွင်းတွင် ဖွင့်လှစ်သည့် အလုပ်ခွင်သင်တန်းကို ဝါရင့်ဆရာ ဆရာမများက မည်သည့်ဘာသာကို မည်သို့သင်ရမည်ကို သင်တန်းပေးခြင်း၊ မြို့နယ်အတွင်းတွင် မူလ ကျောင်းစစ်ဆေးရေးလုပ်ငန်းများကို ထိထိမိမိဆောင်ရွက်နိုင်သည့် စောင့်ကြည့်ရေးကိုလည်း သတ်မှတ်မှုဘောင်၊ လုပ်ဆောင်ခွင့်ဘောင်များရှိသောကြောင့် ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

နိုင်ငံတကာအတွေ့အကြုံများအရ တိုင်းပြည်တိုးတက်လိုပါက ပညာရေးတွင် ရင်းနှီးမြှုပ်နှံရမည်ဖြစ်ပါကြောင်း၊ ပညာရေးတွင် ထက်၊ လယ်၊ မူ ရှိသည့် အနက် မူလတန်းကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မူလတန်းပညာရေးတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းရောက်ရှိရန်အတွက် ကျောင်းတိုင်းတွင် ဆရာအတတ်ပညာတတ်သည့် ဆရာ ဆရာမ လက်တွေ့သင်ကြားရန်လိုအပ်ပါကြောင်း၊ သို့မှသာ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ပြီး လူ့အဖွဲ့အစည်းသည် တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း၊ တိုင်းပြည်တစ်ပြည် တိုးတက်ရန်

**စာမျက်နှာ ၇ သို့**

# အောင်ပန်းမြို့ရှိ (၁၆)ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံကို (၂၅)ခုတင်ဆံ့ ဆေးရုံအဆင့် တိုးမြှင့်ပေးမည်

**နေပြည်တော် ဇွန် ၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ကျောင်းသူ ကျောင်းသားများ ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ရန်အတွက် သင့်တော်သည့် အားကစား ပစ္စည်းများ ပံ့ပိုးပေးမည်

အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ **ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် ကုန်းကြမ်းမြို့နယ်တွင် မိုးလုံလေလုံ အားကစားရုံတစ်ရုံ ဆောက်လုပ်ပေးရန် အစီအစဉ်** ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကုန်းကြမ်းမြို့နယ်တွင် မိုးလုံလေလုံအားကစားကွင်း ဆောက်လုပ်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမည်ပေါက်မြေ ရရှိမည်ဆိုပါက ရှမ်းပြည်နယ်အစိုးရ၏ အနီးကပ်ဆုံးဘဏ္ဍာရေးနှစ် ခွင့်ပြုငွေစာရင်းတွင် ထည့်သွင်းလျာထားဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ လတ်တလောတွင် ကုန်းကြမ်းမြို့နယ်၌ အခြေခံပညာကျောင်းများရှိသည်ဟု သိရှိရပါကြောင်း၊ ကျောင်းသူ ကျောင်းသားများ ကိုယ်လက်လှုပ်ရှားအားကစား ပြုလုပ်ရန်အတွက် သင့်တော်သည့် အားကစားပစ္စည်းများ ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်း မီးဝကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် ပြိုင်းတိုင်ကျေးရွာ၊ ရွှေလှိုင်ကျေးရွာ၊ ကျင်ကြီးကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) တစ်ခုစီကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဖွင့်လှစ်ပေးရန်** အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က ကျောက်တော်မြို့နယ် မီးဝကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း၊ ကျင်ကြီးကျေးရွာကိုလည်း ကျေးလက်ကျန်းမာရေးဌာန(ခွဲ) မပေးနိုင်သေးပါကြောင်း၊ ပြိုင်းတိုင်ကျေးရွာနှင့် ရွှေလှိုင်ကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အသစ်တစ်ခုစီ တိုးချဲ့ပေးမည် ဖြစ်ပါကြောင်း၊ သို့သော် ပြည်ထောင်စုအစိုးရအဖွဲ့မှ အမိန့်ချမှတ်ထားပါကြောင်း၊ ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ပြင်ဆင်ခြင်း၊ ဝန်ထမ်းအသစ်ခန့်ထားခြင်းနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်နိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု အစီရင်ခံစာအပေါ် အခြေခံသော အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးမှသာ အဆိုပါ အမိန့်ကြော်ငြာစာတွင်ပါရှိသော သတ်မှတ်ချက်များနှင့်အညီ စိစစ်တင်ပြရန် လမ်းညွှန်ထားပါကြောင်း၊ ထို့ကြောင့် အဆိုပါ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးမှသာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွဲ့စည်းပုံကို တင်ရမည်ဖြစ်ပါကြောင်း၊ သို့သော် လတ်တလောတွင် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြီး ခွင့်ပြုပါက ရရှိမည်ဟု သိရှိရသည့်အတွက် မိမိအနေဖြင့် ယခုကိစ္စကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၏ **ရှမ်းပြည်နယ် တောင်ကြီးခရိုင် ကလောမြို့နယ် အောင်ပန်းမြို့ရှိ (၁၆) ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံကို (၂၅)ခုတင်ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဆေးရုံသည် အသုံးချမှုများပြီး ခွင့်ပြုခုတင်အသုံးချမှုတွင်လည်း ၂၀၀ ရာခိုင်နှုန်းကျော်နေပါကြောင်း၊ ထို့ပြင် လမ်းပန်းဆက်သွယ်ရေး အချက်အချာကျသည့်အတွက် ယာဉ်တိုက်မှုများကို ချက်ချင်းကုသမှုပေးလိုသည့်အတွက် (၂၅) ခုတင် တိုးမြှင့်ပေးမည်ဖြစ်ပါကြောင်း၊ ထိုသို့ တိုးမြှင့်ရာတွင် ပိုမိုသေချာစေရန်အတွက် ပြည်နယ်ဦးစီးမှူးကို မေးမြန်းသည့်အခါတွင် ထောက်ခံသည့်အတွက် အမြန်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေး၏ **မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်အတွင်း မုဒုံ - ဒေါင်းရပ် အနောက်လမ်းမပေါ်ရှိ တံတားအမှတ်(၁) အား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကွန်ကရစ်တံတားတစ်စင်း ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး



ရှမ်းပြည်နယ် မဲဆန္ဒနယ်
အမှတ်(၁၁)မှ ဦးကျော်နီနိုင်



ဒုတိယဝန်ကြီး
ဦးကျော်လင်း



မွန်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၄)မှ ဦးလင်းတင်ဌေး

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားသည့် မုဒုံ - ဒေါင်းရပ် အနောက်လမ်းမပေါ်ရှိ တံတားအမှတ်(၁)သည် လမ်းအဆင့်သတ်မှတ်ချက်အရ Class (A) ဦးစားပေးအဆင့်(၁)တွင်ပါဝင်ပြီး ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီးဖြစ်သဖြင့် အတည်ပြုချက်ရရှိပါက ကွန်ကရစ်တံတားအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ **စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် နေရာခင်းကျေးရွာအုပ်စု နေရာခင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပေးရန်** အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံ၏ **ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကူတောင်ကျေးလက်ကျန်းမာရေးဌာနလက်အောက်ခံ ဇီးကိုင်းကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးပြီး ရွှေလောင်းတင်၊ ကံပြင်၊ ကပ်ချောင်း၊ ညောင်ပင်လယ်၊ ဖြူချောင်းကျေးရွာအုပ်စုတို့တွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တစ်ခုစီ ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို** လွှတ်တော်သို့ အသိပေးတင်ပြသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက **သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေကြမ်း**ကို လွှတ်တော်သို့ တင်သွင်းရာတွင် မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာသည့် ကုန်စည်တစ်မျိုးမျိုး၏ သွင်းကုန်ပမာဏ မြင့်တက်ခြင်းကြောင့် ပြည်တွင်းအသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ထိခိုက်နစ်နာမှုကို ကာကွယ်ပေးနိုင်ရန်နှင့် ကုစားပေးနိုင်မည့် "သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေကြမ်း"ကို ဆောလျင်စွာ ပြဋ္ဌာန်းနိုင်ရေးအတွက် လွှတ်တော်မှ ဦးစားပေးဆောင်ရွက်ပေးနိုင်ပါရန် တင်သွင်းအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက **သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက **မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်း ဥပဒေကြမ်း**ကို လွှတ်တော်သို့ တင်သွင်းရာတွင် မြို့ပြများကို စနစ်တကျ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည့်အတွက် ရေးဆွဲပြဋ္ဌာန်းရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အခြေခံအဆောက်အအုံကဏ္ဍတွင် အရေးပါသည့် မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းဥပဒေကြမ်းကို လွှတ်တော်မှ ဆွေးနွေးစဉ်းစားဆောင်ရွက်ပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင်က **မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်း ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ဒေါ်လွီးဇာက ကော်မတီ၏ **ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ**ကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာတွင် ကော်မတီသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်တွင် ကတိဖြစ်ပေါ်ခဲ့ပြီး ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန် လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သလို ညှိနှိုင်းဆွေးနွေးအကြံပြု တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ လွှတ်တော်အကြိမ်အရေအတွက် ပိုမိုများပြားလာသည့်အလျောက် ကတိဖြစ်ပေါ်ခဲ့သည့် အဆို၊ မေးခွန်းများလည်း ယခင်ကထက် ပိုမို၍များပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းအဆိုပြုချက်များသည် ယင်းတို့၏ မဲဆန္ဒနယ်မြေမှ ဒေသခံပြည်သူများ၏ အမှန်တကယ် လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရှိရသည့်အပြင် ကော်မတီမှလည်း ကိုယ်စားလှယ်များမေးမြန်းခဲ့သည့် ကတိဖြစ်ပေါ်ပြီးအဆို၊ မေးခွန်းများကို ယခုထက်ပိုမို၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ကာ အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ကြိုးစားသွားမည်ဖြစ်ပါကြောင်း။

လွှတ်တော်ရပ်နားသည့် အချိန်များတွင်လည်း ကော်မတီမှ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းသို့ ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ကွင်းဆင်းစိစစ်သွားရောက်ရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် လိုအပ်သည့်နေရာများသို့လည်း အခါအားလျော်စွာ ကွင်းဆင်းစိစစ်လေ့လာမှုများအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ဇွန် ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လူမော်(သတင်းစဉ်)**

❐ စာမျက်နှာ ၆ မှ

ကျေးလက်၊ မြို့ပြ ဆရာ ဆရာမများ ပြည့်ပြည့်စုံစုံခန့်ထားမှသာ တစ်ပြေးညီ တိုးတက်မည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှုနိမ့်ကျသည့် အစွန်အဖျားဒေသများတွင် ဒေသခံဘွဲ့ရ သို့မဟုတ် ဆယ်တန်းအောင်များကို ဆရာ ဆရာမအဖြစ် ဦးစားပေးခန့်ထားရေး မူဝါဒတစ်ရပ်ချမှတ် အကောင်အထည်ဖော်ပေးရန်အတွက် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး၊ ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း၊ သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဇစ်တာခလိုက်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွှန့်ဝင်းနှင့် တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မိုးကျော်ဦးတို့က ဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် ပညာသင်နှစ်အလိုက် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ D.T.Ed ဒီပလိုမာသင်တန်းသို့ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများကို ဝင်ခွင့်လျှောက်ထားစေပြီး ၎င်းလျှောက်ထားသူများအား တိုင်းဒေသကြီး၊ ပြည်နယ်များအား မြို့နယ်အလိုက် တက္ကသိုလ်ဝင်စာမေးပွဲရမှတ်ကြီးစဉ်အရ ရွေးချယ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ပညာရေးကောလိပ်များတွင်တက်ရောက်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူများကို လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း PPTTဝင်ခွင့်စာမေးပွဲကို ဖြေဆိုစေပြီး ၎င်းဖြေဆိုသူများအား တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်အလိုက် စာမေးပွဲဖြေဆိုရမှတ်ကြီးစဉ်အရ ရွေးချယ်ပြီး သက်ဆိုင်ရာ ပညာရေးကောလိပ်များတွင် တက်ရောက်ခွင့်ပြုခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်အလိုက်မှ ဒေသခံများပါဝင်ရောက်လျှောက်ထားနိုင်ပြီး ၎င်းအပေါ် ရွေးချယ်ခန့်ထားခြင်းဖြင့် ဆရာ ဆရာမများ အပြောင်းအရွှေ့လုပ်ငန်းများ ဆောင်ရွက်မှုနည်းပါးသွားခြင်း၊ တိုင်းရင်းသားဒေသများတွင် ဒေသခံတိုင်းရင်းသား ကလေးငယ်များကို တိုင်းရင်းသား ဆရာ ဆရာမများက သင်ကြားပေးခြင်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ပိုမိုအဆင်ပြေအောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ထမ်းများကို ဒေသခံတိုင်းရင်းသားများ ထည့်သွင်းစဉ်းစားပေးသကဲ့သို့ လက်ရှိအခြေအနေတွင်လည်း အလေးအနက်ထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆရာ ဆရာမများရွေးချယ်ခန့်ထားရာတွင် ဒေသခံ ဘွဲ့ရတိုင်းရင်းသား၊ တိုင်းရင်းသူများကို ဦးစားပေးဆိုရာတွင် သတ်မှတ်အခြေခံရှိသူဖြစ်ခြင်း၊ သတ်မှတ် ဆရာဖြစ်သင်တန်းများ တက်ရောက်ပြီးသူဖြစ်ခြင်း၊ ထိုအရည်အချင်းများနှင့်ပြည့်စုံသည့်အခါ ဒေသခံဘွဲ့ရများကို ဦးစားပေးပြီးဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် စီမံဆောင်ရွက်လျက်ရှိပါသောကြောင့် အဆိုအား လွှတ်တော်မှ အတည်ပြုပေးပါရန် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ဇွန် ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**



တတိယအကြိမ်မြောက် မြန်မာ-အီးယူ စီးပွားရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။

☆ ကျောဖုံးမှ

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက မြန်မာ-အီးယူစီးပွားရေးဖိုရမ်ကို ယခုကဲ့သို့ တတိယအကြိမ်မြောက် ကျင်းပနိုင်ခြင်းသည် မြန်မာနိုင်ငံနှင့် အီးယူအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာရေးအတွက် ဆန္ဒပြင်းပြမှုရှိသည်ကို ထင်ဟပ်ပြသလျက်ရှိပါကြောင်း။

**ဘက်စုံဖွံ့ဖြိုးတိုးတက်**

ဖိုရမ်ကျင်းပရန်အတွက် ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးသည့် ဥရောပသမဂ္ဂကုန်သည်ကြီးများအသင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ကို မိမိအနေဖြင့် အသိအမှတ်ပြုပါကြောင်း၊ ယခုဖိုရမ်သည် အီးယူနိုင်ငံများက ရင်းနှီးမြှုပ်နှံသူများအတွက် အကောင်းမွန်ဆုံးသော အခွင့်အလမ်းများကို သေချာရေရာအောင် မျှဝေပေးနိုင်မည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက် အောင်မြင်စေရေးကိုလည်း အထောက်အကူပြုပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား အရှေ့တောင်အာရှနှင့် တောင်အာရှနိုင်ငံများကို ချိတ်ဆက်ပေးနိုင်သည့် ပထဝီဝင်အနေအထားအရ မဟာဗျူဟာ အချက်အချာနေရာတွင် တည်ရှိနေပါကြောင်း၊ လူဦးရေအတန်အသင့်ရှိပြီး ပြည်တွင်းဈေးကွက် ကျယ်ပြန့်လာနေသည့် မြန်မာနိုင်ငံသည် ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်များကို ချိတ်ဆက်ပေးခြင်းအားဖြင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ကျယ်ပြန့်လာစေမှုကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြသည့် အဓိကလုပ်ငန်းများမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားလုပ်ငန်းများ၊ သတင်းအချက်အလက်ဆက်သွယ်ရေး လုပ်ငန်းများ၊ ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် အိမ်ခြံမြေလုပ်ငန်းများဖြစ်သည်ကို တွေ့မြင်နိုင်ပါကြောင်း၊ ယင်းလုပ်ငန်းများသည် ဈေးကွက်ပိုမိုရရှိရန် အလားအလာကောင်းသည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ ထို့အပြင် ရင်းနှီးမြှုပ်နှံသူများနှင့် ဒေသခံလူ့အဖွဲ့အစည်းများအတွက် များစွာအကျိုးရှိနိုင်သည့် အခြားရင်းနှီးမြှုပ်နှံမှု ကဏ္ဍများလည်း ကျန်ရှိနေသေးပါကြောင်း။

**ဈေးကွက်စီးပွားရေးစနစ်**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးကို ရည်ရွယ်ပြီး စီးပွားရေးမဟာဗျူဟာများ အပါအဝင် နိုင်ငံတော်အဆင့် ဦးစားပေး ကဏ္ဍများကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ်တွင် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ဈေးကွက်စီးပွားရေးစနစ်နှင့် အမျိုးသားရင်ကြားစေ့ရေးကို အထောက်အကူပြုသည့် စီးပွားရေးမူဘောင် ဖြစ်ထွန်းစေရေးတို့ကို ဦးစားပေးထားသည့် စီးပွားရေးမူဝါဒ (၁၂) ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ၂၀၃၀ ပြည့်နှစ် အစီအစဉ်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်နှင့် ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်တည်လာရေးတို့ကိုမျှော်မှန်းပြီး မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan-MSDP)ကို မဏ္ဍိုင် ၃ ရပ်၊ ပန်းတိုင် ၅ ခုတို့ဖြင့် ရေးဆွဲချမှတ်ကာ ၂၀၁၇ ခုနှစ်မှစတင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်အပေါ် ကြိုးပမ်းဆောင်ရွက်မည်ဟု သန္နိဋ္ဌာန်ချမှတ်ထားရှိမှုကို Myanmar Sustainable Development Plan (MSDP) က ရှင်းလင်းပြတ်သားစွာ ဖော်ပြလျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် အဆိုပါစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဖွံ့ဖြိုးမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု၊ အားပေးထောက်ခံမှုများ ရရှိမည်ဟု မျှော်လင့်ပါကြောင်း။

ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆွဲဆောင်နိုင်ရန်အတွက် ယှဉ်ပြိုင်မှုဥပဒေသစ်ကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို ၂၀၁၆ ခုနှစ်တွင်လည်းကောင်း၊ မြန်မာကုမ္ပဏီများ ဥပဒေသစ်ကို ၂၀၁၇ ခုနှစ်တွင်လည်းကောင်း ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ မြန်မာကုမ္ပဏီများ ဥပဒေသစ်အရ ကုမ္ပဏီများအနေဖြင့် Online က မှတ်ပုံတင်နိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ ပြုပြင်ပြောင်းလဲမှုများကြောင့် ကုမ္ပဏီများအနေဖြင့် မှတ်ပုံတင်ရာတွင် လွယ်ကူစေမည့်အပြင် ရင်းနှီးမြှုပ်နှံသူများအတွက် ပွင့်လင်းမြင်သာမှု၊ ဖြေလျှော့ပေးမှုနှင့် အာမခံချက်ရှိမှုတို့ကို ပိုမိုပေးထားသော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ရရှိစေပြီး ပိုမိုလုပ်သာကိုင်သာရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ပြည်တွင်းကုမ္ပဏီတစ်ခုတွင် ရှယ်ယာ ၃၅ ရာခိုင်နှုန်းအထိ ပိုင်ဆိုင်ခွင့်ရရှိမည်ဖြစ်ပြီး လက်လီလက်ကား ရောင်းဝယ်ရေးတွင် နိုင်ငံခြားသားပိုင် ကုမ္ပဏီများကို ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံခွင့် ပေးထားပါကြောင်း။

**မှတ်တိုင်တစ်ခုဖြစ်**

နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအတွက် အာမခံချက် ပိုမိုရရှိစေရန် နိုင်ငံခြားကုမ္ပဏီငါးခုအား အာမခံလုပ်ငန်းကဏ္ဍတွင် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုကြောင်းကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၀၁၉ ခုနှစ် ဧပြီလ ၅ ရက်တွင် ကြေညာခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်မှုသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလက တရားဝင်စတင်ခဲ့သည့် အာမခံဈေးကွက် လွတ်လပ်မှုဆိုင်ရာ ရွေးချယ်ခြင်းလုပ်ငန်းစဉ်အတွက် မှတ်တိုင်တစ်ခုဖြစ်ပါကြောင်း။

ထိုသို့ သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲမှုများကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုသည် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် တိုးတက်နိုင်မည်ဟု မျှော်မှန်းထားပါကြောင်း၊ မြန်မာနိုင်ငံ၏ ဂျီဒီပီတိုးတက်မှုသည် ၂၀၁၈ ခုနှစ်တွင် ၆ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ၆ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်းထိရှိနိုင်သည်ဟု အာရှဖွံ့ဖြိုးရေးဘဏ်က ခန့်မှန်းထားပါကြောင်း။

ထို့ပြင် ၂၀၁၉ ခုနှစ် ဧပြီလအထိ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပမာဏသည် အမေရိကန်ဒေါ်လာ ၈၀၁၅၀ ဒသမ ၄၇၂ သန်းရှိပါကြောင်း၊ နိုင်ငံပေါင်း ၄၉ နိုင်ငံက ကဏ္ဍ ၁၂ ခုတွင် ရင်းနှီးမြှုပ်နှံလျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုအများဆုံး ကဏ္ဍသုံးခုမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ၂၇ ဒသမ ၉၇ ရာခိုင်နှုန်း၊ စွမ်းအင် ၂၆ ဒသမ ၄၂ ရာခိုင်နှုန်းနှင့် ကုန်ထုတ်လုပ်မှုအပိုင်းမှ ၁၃ ဒသမ ၅၆ ရာခိုင်နှုန်းတို့ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံနှင့် အီးယူကုန်သွယ်မှု ပမာဏအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၇ ဘီလီယံ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၇ ဘီလီယံဖြစ်သည့်အတွက် ယခင်နှစ်ကထက် အမေရိကန်ဒေါ်လာသန်း ၈၀၀ ကျော် တိုးတက်ခဲ့ပြီး ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်အတွင်းတွင်လည်း ဆက်လက်တိုးတက်လာနေသည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံတွင် အီးယူ၏ လာရောက်ရင်းနှီးမြှုပ်နှံမှုများအနေဖြင့် ၂၀၁၉ ခုနှစ် ဧပြီလအထိ မှတ်ပုံတင်ခွင့်ပြုပြီး ကုမ္ပဏီပေါင်း ၁၅၈ ခု၊ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန် ဒေါ်လာ ၆ ဒသမ ၈၇ ဘီလီယံရှိပြီး မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး၏ ၈ ဒသမ ၆ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

**သာယာဝပြောမှုကို မျှဝေ**

၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံသည် အီးယူ၏ အကောက်ခွန်သက်သာခွင့် ရရှိခဲ့ပြီးနောက် မြန်မာနိုင်ငံ၏ အထည်အလိပ်ကဏ္ဍ ထုတ်လုပ်မှု တိုးတက်လာခဲ့ပါကြောင်း၊ မြန်မာ့အထည်အလိပ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကြောင့် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အတွက် သာယာဝပြောမှုကို မျှဝေပေးနိုင်လာပါကြောင်း၊ ယင်းမှာ မြန်မာနိုင်ငံကို Generalized Scheme of Preferences(GSP) အကျိုးကျေးဇူး ခံစားခွင့်ပေးထားခြင်းကြောင့် ဖြစ်ပါကြောင်း။

အီးယူ၏ တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို နွေးထွေးစွာကြိုဆိုပါကြောင်း၊ ယခုကျင်းပပြုလုပ်သည့် ဖိုရမ်တွင် ပြည့်စုံသည့် အပြန်အလှန် ဆွေးနွေးမှုများမှတစ်ဆင့် မြန်မာနိုင်ငံနှင့် အီးယူနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်အရှိန်မြှင့်တင်ဆောင်ရွက်သွားနိုင်ပါစေဟု ဆန္ဒပြုပါကြောင်း။

သိရှိပြီးဖြစ်သည့်အတိုင်း မြန်မာနိုင်ငံနှင့်အီးယူအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကျိုးကျေးဇူးများ အပြန်အလှန်ရရှိရေးကို မြှင့်တင်ရန်အတွက် မြန်မာ- အီးယူကုန်သွယ်မှု အကူအညီပေးရေးကောင်တာ (Myanmar-EU Trade Helpdesk) ကိုလည်း ၂၀၁၆ ခုနှစ် မေလတွင် တရားဝင်တည်ထောင်ခဲ့ပါကြောင်း၊ အဆိုပါ အကူအညီပေးရေးကောင်တာက အီးယူဈေးကွက်ဆိုင်ရာ အချက်အလက်များ အထူးသဖြင့် အီးယူဈေးကွက်ဝင်ရောက်နိုင်မည့် အခွင့်အလမ်းများ၊ မြန်မာ့ထုတ်ကုန် အချက်အလက်များနှင့် ပို့ကုန်မြှင့်တင်ရေး လမ်းညွှန်များဆိုင်ရာ သတင်းအချက်အလက်များကို ထောက်ပံ့ပေးနေပါကြောင်း။

ယခုကျင်းပမည့် ဖိုရမ်သည် မြန်မာနိုင်ငံနှင့် အီးယူနိုင်ငံများအကြား စီးပွားရေးဆက်သွယ်ဆောင်ရွက်မှုများကို ပိုမိုအားကောင်းလာစေမည့်အပြင် မြန်မာပြည်သူများအတွက်လည်း အကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနှင့်အီးယူတို့အကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်ကောင်းကောင်းဖြင့် ဆက်လက်တိုးတက်ပြီး ယနေ့ကျင်းပမည့်ဖိုရမ်မှ ထင်သာမြင်သာရှိသည့် ရလဒ်ကောင်းများ ပေါ်ထွန်းလာပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။





တတိယအကြိမ်မြောက် မြန်မာ-အီးယူ စီးပွားရေးဖိုရမ် ဆွေးနွေးပွဲ ကျင်းပစဉ်။

**အခွင့်အလမ်းများဖန်တီး**

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး Mr. Kristian Schmidt က တတိယအကြိမ်မြောက် မြန်မာ-အီးယူစီးပွားရေးဖိုရမ်ကို ကျင်းပရခြင်းသည် မြန်မာနိုင်ငံနှင့် အီးယူတို့အကြား ကြီးမားသောအခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အတွေ့အကြုံကောင်းများကို အပြန်အလှန်ဖလှယ်နိုင်ခြင်းမှတစ်ဆင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူဖြစ်စေရန် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်၊ မြန်မာကုမ္ပဏီများ ဥပဒေသစ်နှင့် ငွေကြေးဈေးကွက်စသည်တို့အား ဖြေလျှော့ပေးခြင်းကဲ့သို့သော မြန်မာနိုင်ငံတော်အစိုးရ၏ အောင်မြင်မှုများအား အသိအမှတ်ပြုပါကြောင်း၊ မိမိအနေဖြင့် အီးယူကုမ္ပဏီများ မြန်မာနိုင်ငံသို့ ပိုမိုလာရောက် ရင်းနှီးမြှုပ်နှံသွားကြရန် တိုက်တွန်းအားပေးလျက်ရှိပါကြောင်းနှင့် အီးယူအနေဖြင့် မြန်မာနိုင်ငံ၏ မူဝါဒရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန်အတွက် ကူညီပေးနိုင်မည့် စံပြမိတ်ဖက်အဖွဲ့အစည်းတစ်ခုအနေဖြင့် ရပ်တည်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အခမ်းအနားအစီအစဉ် ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

**ဆက်လက်ကျင်းပ**

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာဥရောပသမဂ္ဂမှ သံမှူးကြီး Mr. Philipp Dupuis နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် တတိယအကြိမ်မြောက် မြန်မာ-အီးယူစီးပွားရေးဖိုရမ်၏ ဆွေးနွေးပွဲများကို အခမ်းအနားအစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ နယ်ပယ်ကဏ္ဍအသီးသီးမှ ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင် အီးယူအဖွဲ့ဝင်နိုင်ငံများ၏ လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသည့် အခန်းကဏ္ဍများ၊ ကျန်းမာရေး၊ အထည်ချုပ်လုပ်ငန်း၊ မော်တော်ယာဉ် ဘေးကင်းလုံခြုံမှု၊ ဒစ်ဂျစ်တယ်နည်းပညာ၊ ဆောက်လုပ်ရေး၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး၊ သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေး၊ စွမ်းအင်၊ ဥပဒေရေးရာ၊ စားသောက်ကုန်၊ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လက်ရှိစီးပွားရေးအစပြုလုပ်ရှားမှု စသည့်ကဏ္ဍများနှင့် ပတ်သက်သည့် ဖွံ့ဖြိုးတိုးတက်မှုများ၊ တီထွင်ဆန်းသစ်မှုများ၊ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံကာကွယ်ရေး စက်မှုလက်မှု၊ သိပ္ပံနှင့်နည်းပညာဌာန၏ ဒုတိယအကြီးအကဲအား လက်ခံတွေ့ဆုံ



**နေပြည်တော်  ဇွန်  ၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်နိုင်ငံကာကွယ်ရေး စက်မှုလက်မှု၊ သိပ္ပံနှင့်နည်းပညာဌာန၏ ဒုတိယအကြီးအကဲ Mr.Xu Zhanbin အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ဆွေးနွေး**

တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ်အကြား စစ်ဘက်နည်းပညာများနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ခိုင်မာစေသည့်အခြေအနေ၊ စစ်ဘက်ဆိုင်ရာနည်းပညာ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် နိုင်ငံနှင့် ပြည်သူများအတွက် အကျိုးပြုနိုင်သည့် နည်းပညာများကိုပါ ဆောင်ရွက်နိုင်မည့် အခြေအနေများအား ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## သံအမတ်ကြီး ဦးမြင့်လွင် အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော်  ဇွန်  ၆**

အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်လွင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၉ ခုနှစ် မေလ ၃၀ ရက်တွင် အဒစ်(စ်)အဘာဘာမြို့၌ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ ဆာ(ဟ)လေး-ဝါ့က်(ခ်)ဇွီဒီ ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

## ဒေါ်ကေသီစိုးအား ချက်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော်  ဇွန်  ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးအား ချက်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၂၉-၅-၂၀၁၉) ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၈-၄-၂၀၁၉ ရက်နေ့မှ ၁၀-၅-၂၀၁၉ ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ရှစ်ဦး ကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် နှစ်ဦး၊ မဂ္ဂဇင်း ငါးဦး၊ အထွေထွေ ၁၄ ဦး၊ ပေါင်း ၂၁ ဦး ကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူ ငါးဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၇၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၆၃၀ နှင့် သတင်းအေဂျင်စီလုပ်ငန်း ၁၉၂ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၄၀၁ ဦး အား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

❖ MFF မှ

VUC အသင်းသည် ကောင်းဇော်ထက်နှင့် အောင်ဇင်ဦး(ပင်နယ်တီ) တို့ သွင်းယူသည့်ဂိုးများဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း လက်ရှိချန်ပီယံ MIU အသင်းသည် ချေပဂိုးများပြန်ရရန်ကြိုးပမ်းခဲ့ပြီး MIU အသင်းအတွက် ဂိုးများကို ပြည့်ဖြိုးမောင်-၂ နှင့် ကိုကိုလွင်တို့က သွင်းယူခဲ့ကာ အနိုင်ဂိုးကို လှိုင်မင်းထွန်းက သွင်းယူခဲ့သည်။ တတိယနေရာလုပွဲတွင် GV Athletic အသင်းနှင့် ရွှေမြဝတီအသင်းတို့ သာမန်ပွဲကစားချိန် မိနစ် ၄၀ ပြည့်သည်အထိ နှစ်ဂိုးစီသရေကျနေ၍ ပင်နယ်တီဖြင့်ဆုံးဖြတ်ရာ GV Athletic အသင်းက သုံးဂိုး-တစ်ဂိုး စုစုပေါင်း ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကိုကျင်းပရာ ဗိုလ်လုပွဲအကောင်းဆုံးဆုကို ငြိမ်းမင်းစိုး(VUC)ရရှိခဲ့သည်။ ယင်းနောက် ပြိုင်ပွဲတစ်လျှောက်အကောင်းဆုံးကစားသမားဆုကို ငြိမ်းမင်းစိုး(VUC)၊ အကောင်းဆုံးဂိုးသမားဆုကို ရန်ပိုင်ဟိန်း(MIU)တို့က ရရှိခဲ့သည်။ အသန့်ရှင်းဆုံးအသင်းဆုနှင့် စတုတ္ထဆုကို ရွှေမြဝတီအသင်းကလည်းကောင်း၊ တတိယဆုကို GV Athletic အသင်းက လည်းကောင်း၊ ဒုတိယဆုကို VUC အသင်းကလည်းကောင်း၊ ပထမဆုကို MIU အသင်းကလည်းကောင်း ရရှိခဲ့ပြီး တစ်ဦးချင်းဆုတံဆိပ်နှင့် ချန်ပီယံဆုဖလားကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်၊ မြန်မာနေရှင်နယ်လိဂ်အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- ဘုန်းသော်**




# ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၃၂၅ နှင့် ဆက်စပ်ကုလသမဂ္ဂဆုံးဖြတ်ချက်များနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေး

**နေပြည်တော်  ဇွန်  ၅**

ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၃၂၅ (UNSCR 1325) နှင့် ဆက်စပ်ကုလသမဂ္ဂဆုံးဖြတ်ချက်များနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

**လုပ်ငန်းစီမံချက်ရေးဆွဲနိုင်ရေးဆောင်ရွက်**

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ယနေ့အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် UNWomen တို့ ပူးပေါင်းပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၃၂၅ နှင့် ဆက်စပ်ကုလသမဂ္ဂ ဆုံးဖြတ်ချက်များအရ ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးနိုင်ရန်အတွက် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း။

ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၃၂၅ နှင့် ဆက်စပ်ကုလသမဂ္ဂဆုံးဖြတ်ချက်များမှာ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းလုပ်ငန်းစဉ်များတွင် အမျိုးသမီးများအနေဖြင့် ဆုံးဖြတ်ချက်ချမှတ်နိုင်သည့်အဆင့်များတွင် ပါဝင်မှုရှိစေရေး၊ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအား လိင်ပိုင်းဆိုင်ရာနှင့် ကျား၊ မရေးရာအခြေပြု အကြမ်းဖက်မှုများမှ ကာကွယ်စောင့်ရှောက်မှုပေးရေး၊ အမျိုးသမီးအခွင့်အရေးများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေးတို့ ဖော်ပြပါရှိပါကြောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂)အရ ဖွဲ့စည်းထားသည့် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ ပူးပေါင်းပါဝင်မှု၊ UN Women ၏ ပံ့ပိုးမှုဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၃၂၅ ဆက်စပ်ကုလသမဂ္ဂဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်ရေးအတွက် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ရေးဆွဲနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံချက်ကိုရေးဆွဲရာတွင်လည်း ကဏ္ဍစုံမှ ပါဝင်အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း၊ နော်ဝေနိုင်ငံအစိုးရ၏ ပံ့ပိုးမှုဖြင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် UNWomen က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် Centering Women and Their Priorities in Myanmar’s Peace Process Phase II (၂၀၁၇-၂၀၂၀)စီမံချက်သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၃၂၅ နှင့် ဆက်စပ်ကုလသမဂ္ဂဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ရာတွင် များစွာအထောက်အကူဖြစ်မည်ဖြစ်ပါကြောင်း၊ စီမံချက် Phase II ဆောင်ရွက်ရာတွင် Phase I ၏ အောင်မြင်မှု၊ စိန်ခေါ်မှုများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် အရေးကြီးပါကြောင်း၊ Monitoring and Evaluation တွင် အရေးပါပါကြောင်း၊ Review လုပ်ရန်လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

**ပူးပေါင်းဆောင်ရွက်သွားမည်**

ဆက်လက်၍ နော်ဝေနိုင်ငံသံအမတ်ကြီး Ms.Tone Tinnes က နော်ဝေအစိုးရမှ ပံ့ပိုးကာ UN Women နှင့်ပူးပေါင်းပြီး အကောင်အထည်ဖော်လျက်ရှိသော အမျိုးသမီးငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ပြည်နယ်အဆင့် လုပ်ငန်းစီမံချက်ရေးဆွဲနိုင်မှုအပေါ် ဂုဏ်ပြုပါကြောင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်လည်း ရှေ့လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားပြီး UN Women မှ ဌာနေကိုယ်စားလှယ် Mr.Nicolas Burniat ကလည်း အမျိုးသမီးများငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ကြယ်ပွင့်ပြမေးခွန်း ၆၉၈ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၈၆၁ ခုနှင့် အတည်ပြုအဆို ၁၄ ခု ကတိဖြစ်ပေါ်မှုများရှိခဲ့

**နေပြည်တော်  ဇွန်  ၅**
ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ကြယ်ပွင့်ပြမေးခွန်း ၆၉၈ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၈၆၁ ခုနှင့် အတည်ပြုအဆို ၁၄ ခု ကတိ ဖြစ်ပေါ်မှုများရှိခဲ့ကြောင်း၊ ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအထိ ကြယ်ပွင့်ပြမေးခွန်း ၁၃၁ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၁၆၀ နှင့် အဆိုတစ်ခု စုစုပေါင်း ၂၉၂ ခုကို လုပ်ငန်းများပြီးစီး၍ ကတိကဝတ်စာရင်းမှ ပယ်ဖျက်နိုင်ခဲ့ကြောင်း ကယားပြည်နယ်မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်လွီးဇာက ပြောကြားသည်။

**အစီရင်ခံစာ ဖတ်ကြားတင်သွင်း**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်လွီးဇာက အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာတွင် ထိုသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒေါ်လွီးဇာက အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေဖြင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှ အဆို သုံးခု၊ ကြယ်ပွင့်ပြမေးခွန်း ၁၂၁ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၃၀၃ ခု စုစုပေါင်း ၄၂၇ ခု တင်သွင်းမေးမြန်းခဲ့ပါကြောင်း၊ အဆိုပါလွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများအပေါ် ကတိဖြစ်ပေါ်မှုနှင့်စပ်လျဉ်း၍ စိစစ်နိုင်ရေးအတွက် ကော်မတီအဖွဲ့ဝင် ခြောက်ဖွဲ့ခွဲ၍ စိစစ်ဆောင်ရွက်ခဲ့ကြပါကြောင်း။

ကော်မတီသည် မေ ၂ ရက်နှင့် ၃ ရက်တွင် ကော်မတီဝင်များနှင့် အစည်းအဝေးပြုလုပ်၍ အဖွဲ့ခြောက်ဖွဲ့ဖွဲ့စည်းကာ စိစစ်မှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ကော်မတီ၏ စိစစ်ချက်အရ ကတိဖြစ်ပေါ်ခဲ့သည့်အဆိုများ၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် စပ်လျဉ်း၍ မေ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ထပ်မံဆွေးနွေးအတည်ပြုနိုင်ခဲ့ပါကြောင်း။

**အတည်ပြု**

ပြည်ထောင်စုလွှတ်တော်ရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့၏ အဆိုသုံးခုအား ကော်မတီနှင့် သက်ဆိုင်သည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ အစည်းအဝေးအတည်ပြုချက်အရ အတည်ပြုခဲ့ပါကြောင်း။

ကော်မတီသည် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အစည်းအဝေးပြုလုပ်၍ အတည်ပြုချက်အရ ကြယ်ပွင့်ပြ မေးခွန်း ၁၂၁ ခုအနက် မေးခွန်း ၆၇ ခု ကတိဖြစ်ပေါ်ခဲ့ပြီး မေးခွန်း ၅၄ ခုမှာ ကတိဖြစ်ပေါ်မှု မရှိခဲ့ပါကြောင်း၊ ကြယ်ပွင့်မပြမေးခွန်း ၃၀၃ ခုအနက် မေးခွန်း ၁၉၉ ခု ကတိဖြစ်ပေါ်ခဲ့ပြီး မေးခွန်း ၁၀၄ ခု ကတိဖြစ်ပေါ်မှုမရှိခဲ့ပါကြောင်း။

ကော်မတီသည် မေ ၁၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်၊ တရားစီရင်ရေး၊ ဥပဒေရေးရာဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီနှင့်လည်းကောင်း၊ မေ ၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ခေါင်းဆောင်၍ ကော်မတီအသီးသီးတို့မှ လွှတ်တော်ကိုယ်စားလှယ်များပါဝင်သောအဖွဲ့နှင့် လည်းကောင်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပါကြောင်း။

ကော်မတီသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်တွင် ကတိဖြစ်ပေါ်ခဲ့ပြီး ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန် လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သလို ညှိနှိုင်းဆွေးနွေး အကြံပြုတင်ပြခဲ့ပြီး ဖြစ်ပါကြောင်း။

| စဉ် | ဒုတိယ အကြိမ် ပုံမှန်အစည်း အဝေး | ကြယ်ပွင့်ပြ မေးခွန်း | | | ကြယ်ပွင့်မပြ မေးခွန်း | | | အဆို | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ကတိ ဖြစ် | ကတိ မဖြစ် | ပေါင်း | ကတိ ဖြစ် | ကတိ မဖြစ် | ပေါင်း | အတည် ပြု | အတည် မပြု | ပေါင်း | |
| ၁ | ပထမပုံမှန် | ၂၃ | ၁၀ | ၃၃ | ၁၄ | ၁၂ | ၂၆ | - | ၁ | ၁ | |
| ၂ | ဒုတိယပုံမှန် | ၈၈ | ၅၉ | ၁၄၇ | ၃၄ | ၃၈ | ၇၂ | ၁ | ၂ | ၃ | |
| ၃ | တတိယပုံမှန် | ၅၄ | ၅၀ | ၁၀၄ | ၃၂ | ၃၀ | ၆၂ | - | - | - | |
| ၄ | စတုတ္ထပုံမှန် | ၅၀ | ၄၀ | ၉၀ | ၇၆ | ၅၄ | ၁၃၀ | ၁ | - | ၁ | |
| ၅ | ပဉ္စမပုံမှန် | ၁၄၇ | ၈၈ | ၂၃၅ | ၁၁၉ | ၉၀ | ၂၀၉ | ၄ | ၁ | ၅ | |
| ၆ | ဆဋ္ဌမပုံမှန် | ၃၆ | ၃၂ | ၆၈ | ၂၉ | ၂၇ | ၅၆ | ၁ | - | ၁ | |
| ၇ | သတ္တမပုံမှန် | ၆၁ | ၄၅ | ၁၀၆ | ၁၁၂ | ၇၂ | ၁၈၄ | ၁ | - | ၁ | |
| ၈ | အဋ္ဌမပုံမှန် | ၅၄ | ၃၂ | ၈၆ | ၈၇ | ၃၇ | ၁၂၄ | ၁ | - | ၁ | |
| ၉ | နဝမပုံမှန် | ၅၀ | ၃၇ | ၈၇ | ၈၈ | ၆၆ | ၁၅၄ | ၁ | - | ၁ | |
| ၁၀ | ဒသမပုံမှန် | ၆၈ | ၃၇ | ၁၀၅ | ၇၁ | ၃၁ | ၁၀၂ | ၁ | - | ၁ | |
| ၁၁ | (၁၁)ကြိမ် မြောက်ပုံမှန် | ၆၇ | ၅၄ | ၁၂၁ | ၁၉၉ | ၁၀၄ | ၃၀၃ | ၃ | - | ၃ | |
| | စုစုပေါင်း | ၆၉၈ | ၄၈၄ | ၁၁၈၂ | ၈၆၁ | ၅၆၁ | ၁၄၂၂ | ၁၄ | ၄ | ၁၈ | |

**ယခင်ကထက်ပိုမို၍ များပြား**

လွှတ်တော်အကြိမ်အရေအတွက် ပိုမိုများပြားလာသည့်အလျောက် ကတိဖြစ်ပေါ်ခဲ့သည့် အဆို၊ မေးခွန်းများလည်း ယခင်ကထက်ပိုမို၍ များပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းအဆိုပြုချက်များသည် ယင်းတို့၏ မဲဆန္ဒနယ်မြေမှ ဒေသခံပြည်သူများ၏ အမှန်တကယ် လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရှိရသည့်အပြင် ကော်မတီမှလည်း ကိုယ်စားလှယ်များမေးမြန်းခဲ့သည့် ကတိဖြစ်ပေါ်ပြီး အဆိုမေးခွန်းများကို ယခုထက်ပိုမို၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ကာ အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ဆက်လက်ဆောင်ရွက်**

လွှတ်တော်ရပ်နားသည့် အချိန်များတွင်လည်း ကော်မတီမှ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းသို့ ကတိဖြစ်ပေါ်ခဲ့သည့်မေးခွန်းများနှင့်စပ်လျဉ်း၍ ကွင်းဆင်းစိစစ်သွားရောက်ရန် လျာထားဆောင်ရွက်လျက်ရှိသည့်အပြင် လိုအပ်သော နေရာများသို့လည်း အခါအားလျော်စွာ ကွင်းဆင်းစိစစ်လေ့လာမှုများအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖတ်ကြားတင်ပြသည်။

**ကိုမင်း၊ မာမာစိုး(ကြေးမုံ)**

# ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်နှင့်စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**နေပြည်တော်  ဇွန်  ၅**
နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျီနီဗာမြို့ အခြေစိုက်ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာဗဟိုဌာန (Centre for Civil and Political Rights-CCPR) တို့ ပူးပေါင်း၍ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ် (International Covenant on Civil and Political Rights-ICCPR) နှင့် စပ်လျဉ်းသည့် အသိပညာမြှင့်တင်ရေးအလုပ်ရုံ ဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေးက အဖွင့်အမှာစကားပြောကြားသည်။

**တက်ရောက်**

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးအဖွဲ့တို့မှ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။



**စိန်ခေါ်မှုများကို လေ့လာဖော်ထုတ်**

ခိုင်မာသည့် ဒီမိုကရေစီနိုင်ငံ ပေါ်ထွန်းရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အပြည်ပြည်ဆိုင်ရာ စာချုပ်တစ်ခုအဖြစ် နိုင်ငံတကာမှ လက်ခံထားသည့် ICCPR စာချုပ်သို့ ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် မြန်မာနိုင်ငံသည် လူ့အခွင့်အရေးကာကွယ် မြှင့်တင်ရေးအတွက် နိုင်ငံရေးဆန္ဒရှိကြောင်း ပိုမိုပြသနိုင်မည်ဖြစ်ကြောင်း၊ ICCPR သို့ လက်မှတ်ရေးထိုးခြင်းမပြုမီ စာချုပ်ပါပြဋ္ဌာန်းချက်များကို ကောင်းစွာသိရှိနားလည်နိုင်ပြီး စာချုပ်ကို အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုများကို လေ့လာဖော်ထုတ်၍ စနစ်တကျဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၅**

ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ၏(၃/၂၀၁၉)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**အလေးထားဆောင်ရွက်**

အစည်းအဝေးတွင် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေး ကျင်းပခဲ့ရာ (၃/၂၀၁၉)ကြိမ်မြောက် အစည်းအဝေးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း၊ ကော်မတီစတင်ဖွဲ့စည်းပြီးကတည်းက အရှိန်အဟုန်ဖြင့် ဆောင်ရွက်လာ၍ အချိန်တိုအတွင်း ကော်မတီ၏ အဓိကတာဝန်များဖြစ်သည့် ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေဥပဒေကြမ်း(zero draft) အပေါ်အဖွဲ့ဝင်ဌာနများ၏ သဘောထားမှတ်ချက်များကို အခြေခံ၍ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေဥပဒေ(ပထမမူကြမ်း)အဖြစ် တိုးတက်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံနှင့် သင့်လျော်သည့် ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ ပုံစံမူကြမ်းဖော်ဆောင်ခြင်းအတွက် ကော်မတီအတွင်းရေးမှူးက ယနေ့ရှင်းလင်းတင်ပြမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေဥပဒေကြမ်းနှင့် ပတ်သက်ပြီး ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းနိုင်ရန် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းပင်စင်စနစ်သည် ရန်ပုံငွေထူထောင်ထားခြင်းမရှိသည့် သတ်မှတ်အကျိုးခံစားခွင့်စနစ်ဖြစ်ပြီး နိုင်ငံတော်ဘတ်ဂျက်မှ အပြည့်အဝ ကျခံသုံးစွဲခြင်းဖြစ်ကြောင်း၊ ပင်စင်အသုံးစရိတ်များကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်သုံးစွဲလျက်ရှိကြောင်း၊ အခြားသောကမ္ဘာ့နိုင်ငံများနည်းတူ ရန်ပုံငွေကို အခြေခံ၍ ခံစားခွင့်ပြုသည့်စနစ်သို့ ပြောင်းလဲနိုင်ပါက ရေရှည်အတွက် ပိုမိုစွမ်းဆောင်ရည်ပြည့်ဝသည့် လူမှုကာကွယ်စောင့်ရှောက်မှုစနစ် ဖြစ်လာနိုင်ကြောင်း၊ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေကို ထူထောင်ခြင်းဖြင့် နိုင်ငံ၏ မေခရိုစီးပွားရေး တည်ငြိမ်မှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်သော အရင်းအနှီးများကိုလည်း ရရှိစေနိုင်မည်ဖြစ်ကြောင်း။

**ရင်းနှီးမြှုပ်နှံ**

စုဆောင်းရရှိသော ရန်ပုံငွေများကို တိုးပွားစေရန် သေချာပေါက် အမြတ်ရရှိနိုင်သော ခိုင်မာပြီး Risk နည်းသောလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန်လိုကြောင်း၊ ဝန်ထမ်းများစုဆောင်းတတ်သည့် စိတ်ဓာတ် (Saving Attitude) ကိုလည်း ပျိုးထောင်ပေးရမည် ဖြစ်ကြောင်း၊ CPF အဖွဲ့ဝင်များအတွက် လိုအပ်ချက်များအပေါ်မူတည်ပြီး သင့်လျော်သည့် အကျိုးခံစားခွင့်များကို ကမ်းလှမ်းမည်ဖြစ်ခြင်းကြောင့် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များ ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးရှုထောင့်မှ ကြည့်ပါက ဝန်ထမ်းများ ပင်စင်ယူမည့်အချိန်တွင် နောင်ရေးစိတ်အေးနိုင်အောင် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် လူသားအရင်းအမြစ်ကို ထိန်းသိမ်းနိုင်ပြီး ကောင်းမွန်သော စီမံအုပ်ချုပ်မှုစနစ်ကို ဖော်ဆောင်နိုင်ကြောင်း၊ ရန်ပုံငွေထူထောင်ရာတွင် နိုင်ငံ့ဝန်ထမ်းများအတွက် ဦးစွာအကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ပြီး ရန်ပုံငွေလည်ပတ် ခိုင်မာလာသည်နှင့်အမျှ ပုဂ္ဂလိကကဏ္ဍအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ CPF ဥပဒေပထမမူကြမ်းကို ကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များကို ဖြန့်ဝေပေးပြီးဖြစ်သည့်အတွက် ပိုမိုပြည့်စုံရေးအတွက် သဘောထားမှတ်ချက်များ စိစစ်ပြန်ကြားပေးနိုင်ရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကော်မတီအတွင်းရေးမှူး ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က ပင်စင်စနစ်ဟောင်းနှင့် စနစ်သစ်များအတွင်း ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် ကော်မတီလုပ်ငန်းများ၊ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေဥပဒေ( ပထမမူကြမ်း) ရေးဆွဲပြီးစီးမှုအခြေအနေနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒီဇိုင်းပုံစံ(မူကြမ်း)တို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသည့် ကော်မတီဝင်၊ ဆပ်ကော်မတီဝင်များက အကြံပြုဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် အပြေးပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၅**

မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ်(Olympic Day 2019) ၁၅ ကီလိုမီတာ အပြေးပြိုင်ပွဲကို ဇွန် ၂၃ ရက် (တနင်္ဂနွေနေ့)တွင် မန္တလေးမြို့၌ ကျင်းပမည်ဖြစ်သည်။

၁၅ ကီလိုမီတာ အလွတ်တန်းအပြေးပြိုင်ပွဲတွင် မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ၁၅ ကီလိုမီတာလူသစ်တန်းအပြေးပြိုင်ပွဲတွင် အသက် ၁၉ နှစ်ထက်မကြီးသူ ဝန်ကြီးဌာနပေါင်းစုံ၊ တပ်မတော် ကြည်း၊ ရေ၊ လေပြိုင်ပွဲ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိထားသူများ ပါဝင်ခွင့်မရှိကြောင်း ကန့်သတ်ထားသည်။ ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် မန္တလေးမြို့ ဗထူးအားကစားကွင်း အား/ကာ(တိုင်းရုံး၊ ခရိုင်ရုံး) ဖုန်း- ၀၉ ၄၄၄၀၃၈၉၀၄၊ ၀၉-၂၅၄၈၀၆၄၄၆ သို့ ဇွန် ၁၀ ရက်နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးရမည်ဖြစ်သည်။

**အောင်သူရ**

## အိမ်တွင်းလေထုညစ်ညမ်းမှု (Indoor Air Pollution)

အိမ်တွင်းလေထုညစ်ညမ်းမှုကြောင့် အောက်ပါနောက်ဆက်တွဲပြဿနာများ ဖြစ်ပွားစေပါသည်။

**-လတ်တလောတွင်-** မျက်လုံး၊ နှာခေါင်းနှင့် လည်ချောင်းများယားယံခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အသက်ရှူလမ်းကြောင်း ရောဂါပိုးဝင်ခြင်း

**-ကာလကြာရှည်စွာထိတွေ့ပါက-**

(၁) ပန်းနာရင်ကျပ်ရောဂါ
(၂) နာတာရှည်အဆုတ်ပွရောဂါ
(၃) နှလုံးသွေးကြောရောဂါများကိုပိုမိုဆိုးရွားစေပြီး နှလုံးရောဂါ၊ လေဖြတ်ခြင်း၊ အဆုတ်ကင်ဆာတို့ဖြစ်ပွားကာ အရွယ်မတိုင်မီသေဆုံးခြင်းအထိ ဖြစ်နိုင်ပါသည်။

အထူးသဖြင့်အိမ်တွင်းရှိအမျိုးသမီးများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများတွင် ပိုမိုအန္တရာယ်ရှိပါသည်။

**အိမ်တွင်းလေထုညစ်ညမ်းမှုကို မိသားစုအတွင်း ကြိုတင်ကာကွယ်နိုင်ပါသည်။**

**ရှောင်ရန်**

- ❍ အိမ်တွင်းဆေးလိပ်သောက်ခြင်းကို လုံးဝရှောင်ကြဉ်ပါ။
- ❍ အိမ်တွင်းမီးစက်မောင်းခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိခြင်းနှင့် ခြင်ဆေးခွေထွန်းခြင်းတို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။
- ❍ အန္တရာယ်ကင်းအောင်ပြုပြင်ထားခြင်းမရှိသော မီးသွေး၊ ထင်းလောင်စာများကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

**ဆောင်ရန်**

- ❍ မီးဖိုဆောင် လေဝင်လေထွက် ကောင်းမွန်အောင်ထားရှိခြင်း၊ ပြတင်းပေါက်ဖွင့်ခြင်း(သို့မဟုတ်)လေစုပ်ပန်ကာများတပ်ဆင်ခြင်း
- ❍ အိမ်တွင်း၊ ရုံးတွင်းသန့်ရှင်းရေးလုပ်ရာတွင် တံမြက်စည်းအစား စိုစွတ်သော ကြမ်းတိုက်တံကို အသုံးပြုခြင်းတို့ဖြင့် အိမ်တွင်း လေထုညစ်ညမ်းမှုကို ကာကွယ်နိုင်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ရုပ်ရှင်ဇာတ်ကား ကြည့်ရှုလေ့လာမှု အစီအစဉ်ပြုလုပ်မည်

**ရန်ကုန် ဇွန် ၅**

Cria Cuervos ရုပ်ရှင်ဇာတ်ကားအား ကြည့်ရှုပြီး ခွဲခြမ်းစိတ်ဖြာ လေ့လာမှုအစီအစဉ်ကို ဇွန် ၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်အဖြစ် (၁၈)ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်ကြောင်း၊ ဒါရိုက်တာ Carlos Saura ၏ “Cria Cuervos” ရုပ်ရှင်ဇာတ်ကားသည် Spanish Art-Film အမျိုးအစား လက်ရာကောင်း ဇာတ်ကားတစ်ကားဖြစ်ပြီး ၁၉၇၆ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ကိန်းရုပ်ရှင်ပွဲတော်တွင် Special Jury Prize ကို ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

မြန်မာ(၁၀)တန်းအောင်၊ iGCSE ပြီးထားသူများ၊ နိုင်ငံတကာကျောင်းများမှ ကျောင်းသားကျောင်းသူနှင့် မိဘများအတွက်

CROWN EDUCATION
ROYAL ACADEMIC INSTITUTE

“တက္ကသိုလ်ပညာရေးလမ်းကြောင်းကို မှန်ကန်စွာရွေးချယ်ခြင်းနည်းလမ်းများ” အကြောင်းဆွေးနွေးပွဲ . . .

Yangon Seminar
Jun 15th, (Sat)
10:00 AM - 1:00 PM
NOVOTEL HOTEL
(Pyay Room)

Mandalay Seminar
Jun 16th, (Sun)
9:00 AM - 12:00 Noon
HOTEL MANDALAY
(Hninsi Phyu Room)

FREE SEMINAR
အတွက် ကြိုတင်စာရင်း ပေးသွင်းနိုင်ပါပြီ

- စင်ကာပူအစိုးရတက္ကသိုလ် (NUS - NTU - SMU) နှင့် ပိုလီတင်ခွင့်သိမှတ်ဖွယ်ရာများ
- နိုင်ငံတကာတွင် ဆေးတက္ကသိုလ်တက်လိုသူများ သိထားသင့်သည့်အချက်များ
- ပြည်တွင်းအစိုးရတက္ကသိုလ်တွေကို တက်မယ်ဆို ဘာသာရပ် အရွေးမမှားရအောင် ဘယ်လိုရွေးမလဲ
- ပြည်ပမှာကျောင်းတက်ဖို့ iGCSE,GCE 'A', SAT, ACT တွေကို ဘယ်အချိန်မှာပြင်ဆင်သင့်သလဲ
- ပြည်တွင်းကုန်ကျစရိတ်အတိုင်း ပြည်ပမှာ သင်ယူနိုင်မည့် ကျောင်းနှင့် နိုင်ငံများအကြောင်း
- နိုင်ငံတကာပညာရေးနှင့် ပြည်တွင်းပညာရေး သင်ယူသင်ကြားမှုဆိုင်ရာ ကွဲပြားခြားနားချက်များ
- နိုင်ငံတကာပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးဆိုင်ရာ လျှောက်ထားခြင်းအတွက် ပြင်ဆင်သင့်သည့်အချက်များ



ဆွေးနွေးမည့်သူ - ဦးအောင်ကျော်ဆန်း
(CROWN Education & Royal Academic Institute)

ဖုန်း - ၀၁ ၅၂၇ ၈၃၈၊ ၀၉ ၄၄ ၅၅ ၆၆ ၇၀၁၊ ၀၉ ၄၄ ၅၅ ၆၆ ၇၀၂

# ရုရှား-တရုတ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မြဲလျက်ရှိ

**မော်စကို ဇွန် ၅**

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်တို့သည် ဇွန် ၅ ရက်တွင် ကရင်မလင်၌ တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက် ခိုင်မြဲလာခဲ့ခြင်းအပေါ် အပြန်အလှန် ချီးမွမ်းခဲ့ကြကြောင်း ယနေ့ အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

တရုတ်နှင့် အမေရိကန်နိုင်ငံတို့အကြား ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုများ ဖြစ်ပေါ်နေချိန်တွင် ရုရှားနှင့် တရုတ်နှစ်နိုင်ငံက ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်ရန် ကြိုးပမ်းလျက်ရှိသည်။

သမ္မတ ရှီကျင့်ဖျင်၏ မော်စကို ခရီးစဉ်သည် နှစ်နိုင်ငံအကြား ဆက်ဆံရေးအတွက် အဓိကကျသော ခရီးစဉ်တစ်ခုဖြစ်ပါကြောင်း ရုရှားသမ္မတ ပူတင်က ဆိုသည်။

နှစ်နိုင်ငံဆက်ဆံရေးသည် အချိုပေါ်သကာလောင်းသည့် ဆက်ဆံရေးဖြစ်ပါကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြန်လည်ပြောကြားခဲ့သည်။

ဇွန် ၅ ရက် မွန်းလွဲပိုင်းတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်သည် မော်စကိုမြို့ရှိ ဗီနုကိုဗိုလေဆိပ်သို့ ရောက်ရှိခဲ့ပြီး ၎င်းအား ရုရှားဂုဏ်ပြုတပ်ဖွဲ့က ကြိုဆိုခဲ့သည်။

ခေါင်းဆောင်နှစ်ဦး တွေ့ဆုံခဲ့ပြီးနောက် သမ္မတရှီကျင့်ဖျင်သည် The Bolshoi Theatre သို့ အလည်အပတ်သွားရောက်ခဲ့ပြီး ရုရှားမြို့တော်ဟောင်း စိန့်ပီတာစဘတ်သို့ ဆက်လက် သွားရောက်မည်ဖြစ်သည်။

ဇွန် ၆၊ ၇ ရက်တွင် စိန့်ပီတာစဘတ်၌ သမ္မတပူတင်က ဦးစီးကျင်းပမည့် စီးပွားရေးဖိုရမ်သို့ တက်ရောက်မည်ဖြစ်သည်။

ရုရှားနှင့်တရုတ် နှစ်နိုင်ငံသည် နိုင်ငံရေးအရ အပြန်အလှန်ယုံကြည်ချက်များ ခိုင်မြဲကြသည့်အတွက် တစ်နိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်လာနိုင်သော ပြဿနာများ ပေါ်ပေါက်လာပါက အပြန်အလှန်ကူညီထောက်ပံ့ပေးလျက်ရှိသည်ဟု တရုတ်သမ္မတ ရှီကျင့်ဖျင်က မော်စကိုခရီးစဉ်မတိုင်မီ အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့ကြောင်း သိရသည်။

သမ္မတပူတင်နှင့် သမ္မတ ရှီကျင့်ဖျင်တို့သည် နှစ်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ မဟာမိတ်ဖက်ပြုမှုနှင့် မဟာဗျူဟာကျသော ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်ပြီး ကြေညာချက် အသစ်တစ်ရပ်ကို လက်မှတ်ရေးထိုးမည်ဖြစ်သည်။



တရုတ်သမ္မတရှီကျင့်ဖျင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မော်စကို တိရစ္ဆာန်ရုံအတွက် ဝက်ဝံနှစ်ကောင်ကို လက်ဆောင်အဖြစ် ယူဆောင်လာခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုသည် စဉ်ဆက်မပြတ် တိုးတက်လျက်ရှိပြီး ၂၀၁၈ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်ရေးကဏ္ဍတွင် ဒေါ်လာ ၁၀၈ ဘီလီယံခန့် (၂၅ ရာခိုင်နှုန်း) ရှိခဲ့ပြီး စံချိန်တင်တိုးတက်ခဲ့သည်။

**အေအက်ဖ်ပီ**

# ယူဂန္ဒာနိုင်ငံအရှေ့ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားပြီး လူဒါဇင်ပေါင်းများစွာ ပျောက်ဆုံးနေ



**ကမ်ပါလာ ဇွန် ၅**

ယူဂန္ဒာနိုင်ငံအရှေ့ပိုင်းရှိ ဘူဒူဒါခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းပြီးနောက် မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူဒါဇင်ပေါင်းများစွာ ပျောက်ဆုံးနေကြောင်း ကြက်ခြေနီအဖွဲ့က ဇွန် ၅ ရက်တွင် ပြောကြားသည်။

ကနဦးရရှိသော သတင်းများအရ မြေပြိုမှုများကြောင့် လူနေအိမ် ၁၅၀ ခန့် ပျက်စီးသွားပြီး လူငါးဦးသေဆုံးသွားသည်ဟု သံသယရှိကြောင်းနှင့် အခြားလူ ၅၀ နီးပါးသည် ပျောက်ဆုံးနေကြောင်း ယူဂန္ဒာကြက်ခြေနီအဖွဲ့မှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ဘူဒူဒါခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ရကြောင်း ကြက်ခြေနီအဖွဲ့ ဆက်သွယ်ရေးအရာရှိ အီနီးနာကာစီတာက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

မြေပြိုမှုများဖြစ်ပွားခဲ့သည့် ဘူဒူဒါခရိုင်သည် အယ်ဂွန်တောင်၏အခြေတွင် တည်ရှိနေသည်။ ယင်းခရိုင်သည် ယူဂန္ဒာနိုင်ငံနှင့် ကင်ညာနိုင်ငံနယ်ခြားတွင် တည်ရှိနေပြီး မြေပြိုမှုအန္တရာယ်မြင့်မားသည့်ဒေသဖြစ်သည်။

ယင်းခရိုင်တွင် ၂၀၁၀ ပြည့်နှစ်အတွင်းက မြေပြိုမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် လူ ၁၀၀ ထက်မနည်း သေဆုံးခဲ့ရသည်။ ၂၀၁၈ ခုနှစ်အတွင်းကလည်း ဒေသတွင်းရှိ မြစ်တစ်စင်းရေလျှံမှုကြောင့် လူ ၄၁ ဦးထက်မနည်း သေဆုံးခဲ့ရသည်။

ဘူဒူဒါခရိုင်အတွင်း၌ မြေပြိုမှုများ ဇွန် ၄ ရက် ညနေပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ လွှတ်တော်အမတ် ဂေါ့ဖရီဝတန်ဂါက အေအက်ဖ်ပီသို့ ပြောကြားသည်။

**အေအက်ဖ်ပီ**

# ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးတွင် လူသားများ အနိုင်ရရမည်ဟု ကုလအတွင်းရေးမှူးချုပ် ပြောကြား

**ကုလသမဂ္ဂ ဇွန် ၅**

ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှု လျှော့ချရေးအတွက် ထိရောက်သော အောင်မြင်ပြီးမြောက်မှုများရရှိရန် စွမ်းအင်ဆိုင်ရာ မူဝါဒများ ပြောင်းလဲရေးအတွက် ကမ္ဘာ့နိုင်ငံများအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က မေ ၄ ရက်တွင် တိုက်တွန်းပြောကြားခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အကြိုကျင်းပ သည့်နိုင်ငံတကာအစည်းအဝေးသို့ ပေးပို့သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အမှာစကားပြောကြားသည့် ရုပ်သံဖိုင်တွင် ကုလအတွင်းရေးမှူးချုပ်က ယင်းသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာပေါ်တွင် လေထုညစ်ညမ်းမှုကြောင့် လူခုနစ်သန်းခန့် နှစ်စဉ်သေဆုံးနေရကြောင်း ၎င်းက သတိပေးပြောကြားခဲ့ပြီး ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန် ဆောင်ရွက်ချက်သည် လူသားများ၏အသက်များကို ကာကွယ်သည့် တိုက်ပွဲဖြစ်ပြီး ယင်းတိုက်ပွဲတွင် လူသားများ အနိုင်ရရမည်ဖြစ်ကြောင်း ကုလအတွင်းရေးမှူးချုပ်က ပြောကြားသည်။

ရာသီဥတု ပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းစေမှုများအပေါ် အခွန်ဆောင်သင့်ကြောင်း၊ ရုပ်ကြွင်းလောင်စာများအသုံးပြုမှု လျှော့ကျသွားစေရေးနှင့် အဆုံးသတ်သွားစေရန် ကျောက်မီးသွေးစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ အသစ်များ တည်ဆောက်မှုကို ဟန့်တားရမည်ဟု ၎င်းက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ၂၀၁၉ ခုနှစ် ပထမငါးလတွင် အစ္စရေးသို့လာရောက်သည့် တရုတ်နိုင်ငံသား ခရီးသွားဦးရေ ၅၁ ရာခိုင်နှုန်း မြင့်တက်

**ဂျေရုဆလင် ဇွန် ၅**

ယခုနှစ် ဇန်နဝါရီလမှ မေလအတွင်း ဖြစ်သည့် ငါးလတာကာလအတွင်း၌ အစ္စရေးနိုင်ငံသို့ လာရောက်လည်ပတ်သည့် တရုတ်နိုင်ငံသား ခရီးသွားဦးရေသည် ယမန်နှစ်က လာရောက်မှုများနှင့် နှိုင်းယှဉ်ပါက ၅၁ ရာခိုင်နှုန်းထိ တိုးမြင့်လာကြောင်း အစ္စရေးနိုင်ငံ ဗဟိုစာရင်းအင်းဗျူရိုမှ ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြသည်။

ယခုနှစ် ဇန်နဝါရီလမှ မေလအတွင်း အစ္စရေးနိုင်ငံသို့ တရုတ်နိုင်ငံသားခရီးသွားဦးရေ ၇၀၈၀၀ လာရောက်ခဲ့ပြီး ယမန်နှစ် အလားတူကာလတွင် လာရောက်သည့် တရုတ်ခရီးသွားဦးရေ ၄၆၉၀၀ ထက် ပိုမိုမြင့်တက်ခဲ့ကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြသည်။



တရုတ်ခရီးသွားဧည့်သည် ၁၅၃၀၀ တို့သည် ယခုနှစ် မေလအတွင်း အစ္စရေးနိုင်ငံသို့ လာရောက်ခဲ့ပြီး ယင်းမှာ ယခင်နှစ် အလားတူကာလထက် ဦးရေ ၄၀၀၀ ကျော် ပိုမိုများပြားသည်ဟု အစီရင်ခံစာတွင် ဆက်လက်ဖော်ပြသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ မေလအထိ ပထမငါးလအတွင်း အစ္စရေးနိုင်ငံသို့ ခရီးသွားဦးရေ စုစုပေါင်း ၁ ဒသမ ၉ သန်းလာရောက်ခဲ့ပြီး ယခင်နှစ် အလားတူကာလထက် ခရီးသွားဦးရေလာရောက်မှု တိုးတက်နှုန်းမှာ ၈ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ**

## ၂၀၁၉ မှ

ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် သဃ်န်းကျွန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့တွင်လည်း တိုင်းဒေသကြီး/ပြည်နယ်များ၏ အောင်စာရင်းများကို ကပ်ထားပေးမည်ဖြစ်သည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် အောင်စာရင်းများအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများတွင်လည်းကောင်း၊ ခရိုင်အလိုက် သိရှိလိုပါက သက်ဆိုင်ရာ ခရိုင်ပညာရေးမှူးရုံးများတွင်လည်းကောင်း၊ မြို့နယ်အလိုက် သိရှိလိုပါက သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင်လည်းကောင်း ဇွန် ၈ ရက် နံနက် ၆ နာရီ နောက်ပိုင်းတွင် စုံစမ်းမေးမြန်းနိုင်သည်။

အောင်စာရင်းထုတ်ပြန်မည့် ဇွန် ၈ ရက် နံနက် ၆ နာရီတွင် ပညာရေးဝန်ကြီးဌာန Website ဖြစ်သော www.moe.gov.mm နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmarexam.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ထားမည်ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

# ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ဗီယက်နမ်နှင့် အီတလီ သဘောတူ

**ဟနွိုင်း ဇွန် ၅**

ဗီယက်နမ်နှင့် အီတလီဝန်ကြီးချုပ်တို့သည် ဇွန် ၅ ရက်က ဗီယက်နမ်နိုင်ငံ မြို့တော် ဟနွိုင်းမြို့တွင် တွေ့ဆုံခဲ့ကြရာ နှစ်နိုင်ငံအကြား ထိတွေ့ဆက်သွယ်မှု၊ အပြန်အလှန်သွားရောက်လည်ပတ်မှုနှင့် နယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်ရန် သဘောတူခဲ့ကြသည်။



ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်စွမ်းဖုနှင့် ဗီယက်နမ်နိုင်ငံသို့ တရားဝင်ခရီးအဖြစ် ရောက်ရှိနေသော အီတလီဝန်ကြီးချုပ် ဂျီယာဆေပီကွန်တေတို့ တွေ့ဆုံစဉ် နိုင်ငံရေး၊ သံတမန်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ လေ့ကျင့်မှု၊ သိပ္ပံ၊ နည်းပညာ၊ လုံခြုံရေး၊ အမျိုးသားကာကွယ်ရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ တုံ့ပြန်မှုနှင့် ဒေသတွင်းချိတ်ဆက်မှု အစရှိသည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဖော်ပြထားသည်။

ထို့အပြင် ဗီယက်နမ်နှင့် အီတလီဝန်ကြီးချုပ်တို့သည် ဗီယက်နမ်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမည့် အီတလီကုမ္ပဏီများအတွက် ပိုမိုသင့်လျော်သော အခြေအနေဖန်တီးပေးရေးနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုးကို လာမည့် ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံနှင့် နောက်လာမည့်နှစ်များတွင် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံအထိ တိုးမြှင့်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ကြရန်လည်း သဘောတူခဲ့ကြကြောင်း သိရသည်။

အီတလီဝန်ကြီးချုပ်သည် ဇွန် ၆ ရက်တွင် ဟနွိုင်းမြို့၌ ကျင်းပမည့် အာဆီယံ-အီတလီ စီးပွားရေးဖိုရမ်ဖွင့်ပွဲကို တက်ရောက်ခဲ့ပြီးနောက် ဗီယက်နမ်နိုင်ငံမှ ပြန်လည်ထွက်ခွာရန် စီစဉ်ထားကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-ဂျေတီ**

# သင်္ဘောအမှုထမ်း ၁၇ ဦးနှင့်အတူ အင်ဒိုနီးရှား သင်္ဘောတစ်စင်း ပျောက်ဆုံးနေ

**ဂျကာတာ ဇွန် ၅**

အင်ဒိုနီးရှား ကယ်ဆယ်ရှာဖွေရေးလုပ်သားများသည် အလယ်ဆူလာဝေစီပြည်နယ်ရှိ ရေပြင်တစ်နေရာတွင် လူ ၁၇ ဦးနှင့်အတူ ပျောက်ဆုံးသွားသည့် ကုန်တင်သင်္ဘော ရှာဖွေမှုလုပ်ငန်းကို အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိကြောင်း ဆူလာဝေစီပြည်နယ်မြို့တော်ရှိ ကယ်ဆယ်ရှာဖွေရေးရုံးမှ အကြီးအကဲတစ်ဦးဖြစ်သူ ဘာစရာနို က ဇွန် ၅ ရက်တွင် ပြောကြားသည်။

အဆိုပါသင်္ဘောသည် ပြီးခဲ့သည့်သီတင်းပတ် စနေနေ့က နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ အိန္ဒိယသင်္ဘောတစ်စင်းက ယင်းနစ်မြုပ်သွားသည့်သင်္ဘောမှ အသက်ရှင်လွတ်မြောက်သွားသည့် သင်္ဘောအမှုထမ်းတစ်ဦးကို ကယ်တင်ခဲ့ပြီး သူက အဖြစ်အပျက်အစုံကို ပြောပြခဲ့ပြီးနောက် ဇွန် ၄ ရက်တွင် အင်ဒိုနီးရှား သင်္ဘော တိမ်းမှောက်သွားသည့်အကြောင်းကို သိရှိရခြင်းဖြစ်သည်။

သင်္ဘောအမှုထမ်း ၁၈ ဦး လိုက်ပါသည့် အဆိုပါသင်္ဘောသည် မြောက်ဆူလာဝေစီပြည်နယ် ဘီတုန်မြို့အနီးရှိ ဆိပ်ကမ်းတစ်ခုမှ အလယ်ဆူလာဝေစီပြည်နယ်ရှိ မာရိုဝါလီမြို့သို့ ဦးတည်ထွက်ခွာနေစဉ် ရောမကြီးမားသော ရေလှိုင်းလုံးကြီးက ရိုက်ခတ်ခဲ့ပြီးနောက် ယခုကဲ့သို့ နစ်မြုပ်သွားခြင်းဖြစ်ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

# ဗီယက်နမ်နိုင်ငံက ယခုနှစ် ပထမငါးလအတွင်း ပင်လယ်စာတင်ပို့မှုမှ ဝင်ငွေ ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံခန့်ရရှိ

**ဟနွိုင်း ဇွန် ၅**

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမငါးလအတွင်း ပင်လယ်စာ အထူးသဖြင့် ပုစွန်နှင့် ငါးခူများတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံနီးပါး ဝင်ငွေရရှိခဲ့ကြောင်း ဗီယက်နမ် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ သိရသည်။

ပြီးခဲ့သည့် မေလအတွင်း ဗီယက်နမ်နိုင်ငံ၏ ပင်လယ်စာတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၇၅၀ ဝင်ငွေရရှိခဲ့ပြီး ၂၀၁၈ ခုနှစ် အလားတူကာလထက် ၁ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်။ ဗီယက်နမ်နိုင်ငံထုတ် ပင်လယ်စာများအတွက် အကြီးမားဆုံးဈေးကွက်များတွင် ဂျပန်၊ အမေရိကန်ပြည်ထောင်စု၊ တရုတ်နှင့် တောင်ကိုရီးယားတို့ ပါဝင်ခဲ့သည်။ ယခုနှစ်အတွင်း ပင်လယ်စာတင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံရရှိရန် ဗီယက်နမ်နိုင်ငံက ကြိုးပမ်းနေပြီး ယမန်နှစ်က ဝင်ငွေ အမေရိကန် ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံ ရရှိခဲ့သည်။

ရေထွက်ပစ္စည်းထုတ်လုပ်မှုကို တန်ချိန် ၄ ဒသမ ၃ သန်းထိ ၃ ဒသမ ၆ ရာခိုင်နှုန်း တိုးမြှင့်နေပြီး ခေတ်မီနည်းပညာများအသုံးပြု၍ ပင်လယ်စာ အရည်အသွေးကို မြှင့်တင်လျက်ရှိကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။ ဇန်နဝါရီလမှ မေလအတွင်း ဗီယက်နမ်နိုင်ငံသည် ပင်လယ်စာတင်ပို့မှုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော် ဝင်ငွေရရှိခဲ့ပြီး နှစ်အလိုက် ၆ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ဗီယက်နမ် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမငါးလအတွင်း ရေထွက်ပစ္စည်း တန်ချိန် ၁ ဒသမ ၅ သန်းခန့် ထုတ်လုပ်ခဲ့ပြီး ခုနစ်ရာခိုင်နှုန်း မြင့်တက်လာကာ ဖမ်းဆီးရမှုပမာဏမှာ တန်ချိန် ၁ ဒသမ ၅ သန်းကျော်ပြီး ၅ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# ဂျပန်နိုင်ငံအလယ်ပိုင်း၌ ဒေါ်လာ သန်း ၅၆၀ ခန့် တန်ဖိုးရှိ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**တိုကျို ဇွန် ၅**

ဂျပန်နိုင်ငံအလယ်ပိုင်းရှိ ကမ်းခြေတစ်ခု၌ သိမ်းဆည်းရမိခဲ့သော စိတ်ကြွဆေးပြား တစ်တန်ခန့် ပိုင်ဆိုင်မှုသံသယဖြင့် ဂျပန်ရဲတပ်ဖွဲ့က တရုတ်လူမျိုး ခုနစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း ကျိုဒိုသတင်းတွင် ဖော်ပြခဲ့သည်။

ဂျပန်နိုင်ငံတွင် တစ်ကြိမ်တည်းဖြင့် မူးယစ်ဆေးဝါးများ စံချိန်တင်ဖမ်းဆီးရမိမှုမှာ ယခုအပတ်အစောပိုင်းက ရှီဇူအိုကာစီရင်စု မီနာမီဇူမြို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ခန့်မှန်းခြေ ယန်း ၆၀ ဘီလီယံ (အမေရိကန်ဒေါ်လာ သန်း ၅၆၀) ခန့် တန်ကြေးရှိ အဆိုပါစိတ်ကြွဆေးပြားများပမာဏမှာ ပြီးခဲ့သည့်နှစ်အတွင်း ဂျပန်နိုင်ငံတစ်ဝန်း သိမ်းဆည်းရမိခဲ့သည့် စိတ်ကြွဆေးပြား ၁၁၃၈ ဒသမ ၆ ကီလိုဂရမ်ထက် အနည်းငယ်မျှသာ နည်းပါးကြောင်း ဂျပန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဂျပန်နိုင်ငံ၏ ဒုတိယအများဆုံး စိတ်ကြွဆေးပြား သိမ်းဆည်းရမိမှုမှာ ၂၀၁၆ ခုနှစ်အတွင်း အိုကီနာဝါစီရင်စု နာဟာမြို့တော်ရှိ ဆိပ်ကမ်းတစ်ခု၌ ဆိုက်ကပ်ထားသော စက်လှေတစ်စင်းပေါ်တွင် တွေ့ရှိခဲ့သည့် ၅၉၇ ကီလိုဂရမ်ဖြစ်သည်။ အသက် ၂၀ မှ ၄၀ အရွယ် တရုတ်လူမျိုး ခုနစ်ဦးကို ဇွန် ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးခဲ့ပြီး ၎င်းတို့အနက် အချို့မှာ စက်လှေတစ်စင်းပေါ်မှ မူးယစ်ဆေးဝါးများ ပြောင်းရွှေ့ခဲ့သည်။

နိုင်ငံတကာ မူးယစ်ဂိုဏ်းတစ်ခုတွင် ပါဝင်ပတ်သက်ကြောင်း ဂျပန်ရဲတပ်ဖွဲ့က သံသယရှိနေပြီး စိတ်ကြွဆေးပြားများကို ပင်လယ်ပြင်ရှိ အခြားသင်္ဘောတစ်စင်းမှ စက်လှေပေါ်သို့ ပြောင်းရွှေ့ခဲ့သည်ဟု ယုံကြည်နေသည်။

**ကိုးကား-ကျိုဒို**

**ဘာသာပြန်-ကျော်ထိုက်စိုး**



ရှီဇူအိုကာစီရင်စု မီနာမီဇူမြို့ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့် ပြစ်မှုကျူးလွန်သူများ အသုံးပြုခဲ့သော စက်လှေကို တွေ့ရစဉ်။

၂၀၁၉–ခုနှစ် မေးခွန်းပုံစံသစ်၊ အမှတ်ပေးစည်းမျဉ်းနှင့်အညီ ပြင်ဆင်ဖြည့်စွက် ရေးသားထားသော

ပါမောက္ခ ဒေါက်တာခင်ဆန်းဦး၏ တက္ကသိုလ်ဝင်တန်း မြန်မာစာ စာအုပ်များ



မြန်မာစာလမ်းညွှန်



မြန်မာသဒ္ဒါလေ့ကျင့်ခန်းများ



အလင်္ကာနှင့် အဆိုဆွေးနွေးခြင်း



ရေးသည်ပြဇာတ် စကားစပ်

ထွက်နေပါပြီ။

အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ဆက်သွယ်မှာကြားရန်

ဂုဏ်ထူးမော်ကွန်းစာပေ

အမှတ်(၃၅၉)၊ ပထမထပ်၊

ဗိုလ်အောင်ကျော်လမ်း

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၅၃ ၅၃၇ ၁၃၆

၀၉ ၇၃၀ ၃၁၂၉

၀၉ ၄၃၁ ၄၁၂၉

# ပြည်နယ်နှင့် တိုင်းဒေသကြီးတို့အတွင်း၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၅**
သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာ့သစ်လုပ်ငန်းမှဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃၁ ရက်မှ ဇွန် ၃ ရက်အတွင်း ရှာဖွေဖော်ထုတ်ဖမ်းဆီးခဲ့ရာ မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ်အတွင်း၌ ယာဉ်ပေါ်တွင် သယ်ဆောင်လာသည့် တမလန်းနှင့် ပိတောက်ခွဲသား ၁ ဒသမ ၀၂၈၄ တန်နှင့် ပြစ်မှုကျူးလွန်သူတစ်ဦး၊ ချင်းပြည်နယ် မင်းတပ်ခရိုင် မတူပီမြို့နယ် စန်ဘောင်ရပ်ကွက်ရှိ DUMP Truck ခြောက်ဘီးယာဉ်ပေါ်မှ သစ်ဖြူ ခွဲသား ၂ ဒသမ ၅၃၆၈ တန်၊ ပြစ်မှုကျူးလွန်သူတစ်ဦးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ်အတွင်းရှိ ခြောက်ဘီးယာဉ်ပေါ်မှ အင်ခွဲသား ၇ ဒသမ ၅၇၃၈ တန်နှင့် ပြစ်မှုကျူးလွန်သူတစ်ဦးတို့ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ်အတွင်း ကားလမ်း၏ အနောက်ဘက် ချောင်းရိုးဘေး၌ ၁၀ ဘီးယာဉ်ပေါ်မှ ပိတောက်ခွဲသား ၁၀ ဒသမ ၈၂၆၀ တန်၊ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ပြင်တဲကြိုးဝိုင်းအတွင်းမှ သစ်စက်ဆက်စပ်ပစ္စည်းများ၊ ဆိုင်ကယ်နှစ်စီးနှင့် ကျွန်း၊ တမလန်း၊ အင်၊ ကညင် စုစုပေါင်း ၁၂ ဒသမ ၆၆၆၄ တန်၊ ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်အတွင်း မယ်ဇလီကုန်းကျေးရွာရှိ ခြောက်ဘီးယာဉ်ပေါ်မှ အင်ခွဲသား ၇ ဒသမ ၁၀၉၈ တန်နှင့် ရေဦးမြို့နယ် ရွှေပြည်သာရပ်ကွက် မြို့အဝင် မောင်းတံဂိတ်ကားလမ်းမပေါ်ရှိ ယာဉ် နှစ်စီးပေါ်မှ တမလန်းခွဲသား ၁ ဒသမ ၂၉၈၈ တန်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်အတွင်းမှ တောင်သရက်/ဘောင်ဆန့် ၃၆ ဒသမ ၂၈၂၄ တန်၊ ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအနီးရှိ ယာဉ်ပေါ်မှ ကျွန်းတံခါးချပ် ၁၀၅ ချပ် (၁ ဒသမ ၇၀၇၀ တန်)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မလွှပင်ချောင်းဘေးမှ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်းသစ် စုစုပေါင်း ၉ ဒသမ ၉၀၄ တန်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ပြီး ဆက်စပ်သော တရားခံများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**



# ဖားကန့်မြို့နယ်၌ အမျိုးသားတစ်ဦး ချောင်းအတွင်း မျောပါသေဆုံး

**ဖားကန့် ဇွန် ၅**
ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ ဇွန် ၄ ရက် ညနေပိုင်းက မိုးရွာသွန်းပြီး ချောင်းရေကြီးခဲ့၍ ရေစီးနှင့်အတူ အမျိုးသားတစ်ဦး မျောပါသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၄ ရက် ညနေ ၃ နာရီခွဲက ဖားကန့်မြို့ ဂျန်ဂါကျေးရွာ ဧရာရတနာ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီအနီးရှိ စွန့်ပစ်မြေစာပုံတွင် ရေမဆေးကျောက်ရှာဖွေသူများ ကျောက်ရှာဖွေနေစဉ် တင်မောင်ဝင်းသည် ချောင်းရေစီးနှင့်အတူ မျောပါပျောက်ဆုံးခဲ့၍ ကျောက်မျက်ကုမ္ပဏီမှ ဘက်ဟိုးယာဉ်များဖြင့် ရှာဖွေရာ ညနေ ၅ နာရီ ၄၅ မိနစ်တွင် သေဆုံးလျက်ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# မိုင်းယောင်း၌ တရားမဝင် ဝင်ရောက်လာသော တရုတ်နိုင်ငံသား လေးဦးဖမ်းမိ

**မိုင်းယောင်း ဇွန် ၅**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် ဇွန် ၅ ရက်က တရားမဝင် ဝင်ရောက်လာသော တရုတ်နိုင်ငံသား လေးဦးအား ပို့ဆောင်ပေးသူ မြန်မာနိုင်ငံသားတစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နယ်မြေခံတပ်ရင်းမှ ဗိုလ်ကြီးဇင်မိုးနိုင်နှင့် တပ်ဖွဲ့ဝင်များ ပါဝင်သော ဌာနဆိုင်ရာပူးပေါင်းအဖွဲ့သည် မုန်းလိုက်အုပ်စု မုန်းလိုက်ကျေးရွာရှိ မုန်းလိုက်တံတားတွင် ဇွန် ၅ ရက် နံနက် ၇ နာရီက ရှောင်တခင်ပိတ်ဆို့ရှာဖွေစဉ် မိုင်းဖြတ်မြို့မှ မိုင်းယောင်းမြို့သို့ စိုင်းအောင် မောင်းနှင်လာသောယာဉ်အား စစ်ဆေးရာ ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးခဲ့သည်။

တာဝန်ရှိသူများက လိုက်လံဖမ်းဆီးရာ မိုင်းယောင်းမြို့အဝင် ဘီးခွန်ဂိတ်အနီး၌ ယာဉ်မောင်း စိုင်းအောင်နှင့်အတူ တရုတ်နိုင်ငံသား လေးဦးအား နံနက် ၇ နာရီ ၄၅ မိနစ်တွင် ဖမ်းဆီးရမိခဲ့သည်။

ယာဉ်မောင်း စိုင်းအောင်အား စစ်ဆေးခဲ့ရာ အဆိုပါတရုတ်နိုင်ငံသား လေးဦးအား တစ်ဦးလျှင် တရုတ်ငွေ ယွမ် ၁၅၀၀ နှုန်းဖြင့် တာချီလိတ်မြို့မှ အထူးဒေသ (၄) နမ့်ပန်ရှိ ကျင်းရဲသို့ ပို့ဆောင်ပေးရန် တာချီလိတ်မှ တင်ဆောင်လာကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မိုင်းယောင်းမြို့မရဲစခန်းက တရားမဝင် ဝင်ရောက်လာသော တရုတ်နိုင်ငံသား လေးဦးနှင့် ယာဉ်မောင်း စိုင်းအောင်တို့အား စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဥတ္တရသီရိမြို့နယ်၌ နေအိမ်အတွင်း ဝင်ရောက်ခိုးယူသူအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၅**
နေပြည်တော် ဥတ္တရသီရိမြို့နယ် ရတနာသိဒ္ဓိရပ်ကွက်၌ အိမ်ငှားနေထိုင်သည့် UNDP အကြီးတန်းအကြံပေးအရာရှိ နိုင်ငံခြားသားသည် မေ ၅ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ခရီးထွက်ခွာသွားရာမှ ၎င်းနေအိမ်သို့ ဇွန် ၂ ရက်တွင် ပြန်လည်ရောက်ရှိစဉ် B-Twin Mountain စက်ဘီးနှစ်စီး၊ Sony Video Camera တစ်လုံး၊ အဝေးကြည့်မှန်ပြောင်း တစ်ခုနှင့် စိန်နှင့် ရွှေထည်များ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၄၇၅၉၅၀၀ ခန့်မှာ ပျောက်ဆုံးနေသဖြင့် အရေးယူပေးရန် တိုင်တန်းချက်အရ ဘုရားကုန်းနယ်မြေရဲစခန်းက အမှုရေးဖွင့်၍ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့သည်။

အမှုနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်ခဲ့ရာ ရတနာသိဒ္ဓိရပ်ကွက်၌ လာရောက်နေထိုင်ကာ ကျပန်းလုပ်ကိုင်သူ အာကာ(ခ) အာကာဖြိုးက ဝင်ရောက်ခိုးယူခဲ့ပြီး ၎င်း၏အစ်ကိုဖြစ်သူ သန့်ဇင်ဦးက ခိုးရာပါပစ္စည်းများအား ဝှက်သိမ်းပေါင်နှံပေးခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် သန့်ဇင်ဦးအား ဇွန် ၄ ရက်တွင် ခိုးရာပါသက်သေခံပစ္စည်းများနှင့် လည်းကောင်း၊ အာကာ(ခ) အာကာဖြိုးအား ဇွန် ၅ ရက်တွင် လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**



အာကာ(ခ)အာကာဖြိုးနှင့် သန့်ဇင်ဦးတို့အား တွေ့ရစဉ်။



# ဂုတ်တွင်း(ဂုတ်ထိပ်)ကို ရှောင်လျက် ရှမ်းတောင်မြောက် လမ်းတစ်သွယ်

မြင့်စိုး(နတလ)

**အင်တော-ကျောက်ဂူဒေသလမ်းများ၏ သမိုင်းနောက်ခံ**

တစ်ချိန်က ရှမ်းပြည်နယ်(တောင်ပိုင်း)မှ အင်တော၊ ကျောက်ဂူနှင့် နောင်ဝိုးဒေသများသည် နယ်မြေတည်ငြိမ်အေးချမ်းမှု အပြည့်အဝမရခဲ့သော ဒေသများ၊ တစ်နည်းဆိုရသော် ဗမာပြည်ကွန်မြူနစ်ပါတီအလယ်ပိုင်းဗျူရိုဝင်ရောက်ထိုးဖောက်လှုပ်ရှားရာ နယ်မြေဒေသများဖြစ်ခဲ့သည်။ နယ်မြေလုံခြုံရေးအခြေအနေအရ ရှမ်းပြည်နယ်အစိုးရနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး၏ အစီအစဉ်ဖြင့် ၁၉၇၅ ခုနှစ်မှစတင်၍ ထိုဒေသအတွင်းလမ်းများ ဖောက်လုပ်ခဲ့ကြောင်း သိရသည်။ ထိုစဉ်က ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမိန့်ကြေညာစာဖြင့် ရှမ်းပြည်နယ်အတွင်းရှိ ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ- နမ့်လန်လမ်း(၁၄၀/၀)မိုင်ကို လမ်းမကြီးအဖြစ်ကြေညာခဲ့သည်။ ယင်းနောက် ၁၉၉၇ ခုနှစ်တွင် ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-နောင်ချိုလမ်း(၁၁၅/၃)မိုင်နှင့် ကျောက်ဂူ-နမ့်လန်လမ်း(၆၉/၀)မိုင်ဟု ပြောင်းလဲသတ်မှတ်ခေါ်ဝေါ်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသများအချင်းချင်း အလွယ်တကူကူးသန်းသွားလာနိုင်မည့် ဆက်သွယ်ရေးလမ်းကြောင်းတစ်ခု ဖြစ်ထွန်းလာစေရေးအတွက် ကျောက်ဂူ- နောင်ဝိုး-ပန်ဝပ်- သဘာဝတံတား- ကုန်းဆာ- နမ့်လန်- သီပေါလမ်းကြောင်းကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်း၍ ၂၀၁၉ ခုနှစ် မတ်လအတွင်း အပြီးအကောင်အထည်ဖော်ဆောင်ရွက်ရန် ကျောက်ဂူ-သဘာဝတံတားအထိ လမ်းပိုင်းကို နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့က လည်းကောင်း၊ သီပေါ-နမ့်လန်-သဘာဝတံတားအထိ လမ်းပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲများက လမ်းညွှန်မှာကြားခဲ့ပါသည်။

**ကွင်းဆင်းစစ်ဆေးဖြည့်ဆည်းဆောင်ရွက်ပေး**

၎င်းလမ်းညွှန်ချက်နှင့်အညီ ဖောက်လုပ်လျက်ရှိသော ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ ဆက်သွယ်ပေးမည့် ကျောက်ဂူ-နောင်ဝိုး-ပန်ဝပ်-သဘာဝတံတား-ကုန်းဆာ-နမ့်လန်လမ်းကြောင်းအား စံချိန်မီအဆင့်မြှင့်တင်၍ လုပ်ငန်းများပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့နှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ ဟန်ချက်ညီစွာ အချိန်မီပြီးစီးရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန်အလို့ငှာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လင်းအောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲသွေး၊ နယ်စပ်ရေးရာဝန်ကြီးဌာန



ကျောက်ဂူ-နောင်ဝိုး-ပန်ဝပ်- သဘာဝတံတား-ကုန်းဆာ-နမ့်လန်လမ်း

အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ပြီးခဲ့သည့်မေလ ၁၅ ရက်နေ့တွင် သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေး ဆောင်ရွက်ခဲ့ကြသည်။ ထိုခရီးစဉ်အတွင်း ဒေသခံတိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက်များဖြစ်သည့် အခြေခံအဆောက်အအုံ၊ ကျေးလက်လမ်း၊ ရေရရှိရေး၊ လျှပ်စစ်မီး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဘာသာရေးဆိုင်ရာကိစ္စရပ်များကိုပါ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု**

ကျောက်ဂူ- နောင်ဝိုး-ညဥ့်စဉ်-ကွန်ကော့-ပန်ဝပ်-သဘာဝတံတား-ကုန်းဆာ- နမ့်လန် လမ်းသည် စုစုပေါင်း (၅၀/၄)မိုင်ရှိသည့်အနက် ကျောက်ဂူ- နောင်ဝိုး- ညဥ့်စဉ်-ကွန်ကော့- ပန်ဝပ်-သဘာဝတံတားလမ်းပိုင်း (၃၅/၀) မိုင်အား နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့က တာဝန်ယူဆောင်ရွက်ခဲ့ရာ ကတ္တရာလမ်း (၅/၀)မိုင်၊ ကျောက်လမ်း(၃၀/၀) မိုင် ဖောက်လုပ်ပြီးဖြစ်သည်။ အဆိုပါလမ်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်ခဲ့သော ကျောက်လမ်း (၃/၀)မိုင် ပါဝင်သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနသည် သဘာဝတံတား-နမ့်လန်လမ်းပိုင်း (၁၅/၄)မိုင်ကို တာဝန်ယူဆောင်ရွက်ခဲ့ရာ ကတ္တရာ(၀/၄) မိုင်၊ အမာခံလမ်း (၄/၄)မိုင်၊ ကျောက်ရောမြေလမ်း (၁၀/၄)မိုင် ဖောက်လုပ်ပြီးဖြစ်သည်။ ဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရတို့သည် မိမိတို့တာဝန်ယူထားသောလမ်းပိုင်းအလိုက် လိုအပ်သည့် တံတားနှင့် Box Culvert များကိုလည်း တည်ဆောက်ပေးထားပြီးဖြစ်ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေသော ကျောက်ဂူ-နောင်ဝိုး လမ်းပိုင်းတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစ၍ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးသို့ ငွေအပ်လုပ်ငန်းစနစ်ဖြင့် ကျောက်လမ်း(၁/၀)မိုင်၊ ပေ ၂၀ တံတားခြောက်စင်း၊ ဆိုက်ခေါင်ကျေးရွာအနီး ပေ ၂၀၀ ဘေလီတံတားတစ်စင်း တည်ဆောက်ခြင်းတို့ကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်လည်း ကျောက်လမ်း (၅/၀)မိုင်နှင့် ပြင်ထိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တို့တွင် နယ်စပ်ရေးရာဝန်ကြီးဌာနက ကျန်လမ်းပိုင်းနေရာများ၌ ကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်း၊ တံတားနှင့် Box Culvert များတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**မဟာဗျူဟာဆက်သွယ်ရေးလမ်းအဖြစ်ရည်မှန်း**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် မိမိတို့ချမှတ်ထားသောမူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ ကျေးလက်ဒေသများသို့အရောက် လမ်းများဖောက်လုပ်ရာ၌ တစ်နေရာနှင့်တစ်နေရာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များကို လျင်မြန်စွာ ကူးလူးဆက်သွယ်သွားလာနိုင်စေရန်အတွက် ကျေးလက်လမ်းများအား အဓိကရည်မှန်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လမ်း/တံတားများခံနိုင်ဝန်မှာလည်း ၁၃ တန်အထိသာ ဖြစ်သည်။ ထိုသို့ ရှေ့ပြေးဖောက်လုပ်ပေးသွားပြီးနောက် သင့်လျော်မည့်အချိန်ကာလတစ်ခုတွင် ဒေသနှင့် နိုင်ငံတော်အတွက် စဉ်ဆက်မပြတ်အကျိုးစီးပွားဖြစ်စေသည်ဆိုပါက ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ကာ ယင်းဝန်ကြီးဌာန၏အစီအစဉ်ဖြင့် မဟာဗျူဟာမြောက် လမ်းများဖြစ်လာစေရေး ဆက်လက်အဆင့်မြှင့်တင် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ပေးသွားရန် ရည်မှန်းထားရှိပါသည်။ ယခုတင်ပြခဲ့သည့် ကျောက်ဂူ-နောင်ဝိုး-ပန်ဝပ်-သဘာဝတံတား-ကုန်းဆာ-နမ့်လန်လမ်းအား ဆက်လက်အဆင့်မြှင့်တင် ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ရှမ်းပြည်နယ်အစိုးရတို့သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစ၍ နှစ်စဉ်လိုအပ်သလို ရန်ပုံငွေများအဆိုပြုလျာထားသကဲ့သို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း ဒေသခံလူထုနှင့်တွေ့ဆုံစဉ် ဒေသခံလူထုက တောင်းဆိုတင်ပြခဲ့သည့် မိုင်းယွန်း-နောင်ဝိုးလမ်း၊ တုံလော-ကွန်ကော့လမ်းကဲ့သို့ ယခု လမ်းမကြီး၏ ဝဲ/ယာမှ ဝင်ရောက်လာမည့် ဒေသအတွင်းလမ်းများကို ဆက်လက်ဖောက်လုပ်နိုင်ရေးအတွက် လုပ်ငန်းအလိုက် စိစစ်၍ ရန်ပုံငွေများ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရပါသည်။




**ရရှိမည့်အကျိုးကျေးဇူးများ**

လက်ရှိ အများဆုံးအသုံးပြုသွားလာနေကြသော ပြင်ဦးလွင်- နောင်ချို- ဂုတ်တွင်း (ဂုတ်ထိပ်)-ကျောက်မဲ-သီပေါ-လားရှိုးလမ်းကြောင်းသည် အဓိကပင်မဆက်သွယ်ရေးလမ်းမကြီးတစ်ခုဖြစ်နေသော်လည်း ဂုတ်တွင်း (ဂုတ်ထိပ်)၌ ရံဖန်ရံခါ ကုန်တင်ယာဉ်တွဲကားကြီးများ လမ်းချော်တိမ်းမှောက်မှုဖြစ်ပွားပါက ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်တတ်ပါသည်။ လမ်းပြန်ပွင့်သည်အထိ အနည်းဆုံး ငါးနာရီ ခြောက်နာရီခန့် ရှင်းလင်းမှုများပြုလုပ် ရပါသည်။ ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-နောင်ချိုလမ်းသည်လည်း အတက်၊ အဆင်းမတ်စောက် သည့် ဒုဋ္ဌဝတီတံတား(တာပလန်းဆိပ်)ကိုဖြတ်ကျော်ရ မည်ဖြစ်သကဲ့သို့ နောင်ချိုအလွန်၌ ဂုတ်တွင်း(ဂုတ်ထိပ်)ကို ရှောင်ကွင်း၍မသွားနိုင်ပါ။ ဂုတ်တွင်း(ဂုတ်ထိပ်)ကိုဖြတ်ပြီးမှသာ ကျောက်မဲ-သီပေါ-လားရှိုးသို့ ဆက်လက် သွားရောက်နိုင်ပါမည်။ ယခုဖောက်လုပ်ပြီးစီးခဲ့သော ရပ်စောက်- အင်တော-ကျောက်ဂူ-နောင်ဝိုး-ညဥ့်စဉ်-ကွန်ကော့-ပန်ဝပ်-သဘာဝတံတား-ကုန်းဆာ-နမ့်လန် လမ်းသည် သီပေါမှ တစ်ဆင့်လားရှိုးသို့ ဆက်သွယ်ထားသည်ဖြစ်ရာ ကျောက်ဂူ-နောင်ချိုလမ်းထက် ခရီးမိုင်(၃၀/ ၀)မိုင်၊ တောင်ကြီး-လွိုင်လင်-လဲချား-မိုင်းကိုင်-ပန်ကေတု-နမ့်လန်-သီပေါလမ်းထက် ခရီးမိုင်(၂၀/၄)မိုင် တိုသွားပါမည်။ ထို့အတူ လားရှိုးသို့ ဆက်သွယ်ရာ နောက်တစ်လမ်းဖြစ်သည့် တောင်ကြီး-လွိုင်လင်-လဲချား-မိုင်းနောင်-မိုင်းရှူး-မိုင်းကောင်-တန့်ယန်း-လားရှိုးလမ်းထက် ခရီးမိုင် (၉၂/၀)မိုင် တိုသွားမည်ဖြစ်သည်။ လားရှိုးမှတစ်ဆင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးဇုန်ဖြစ်သော မူဆယ်မြို့သို့ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။ ထိုနည်းတူစွာ တောင်ကြီးမှတစ်ဆင့် ကျိုင်းတုံ၊ တာချီလိတ်လမ်းအတိုင်း ထိုင်းနိုင်ငံ၊ လာအို နိုင်ငံများသို့ ဆက်သွယ်နိုင်မည်ဖြစ်သည်။

၎င်းအကျိုးကျေးဇူးများကို ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့မှ တိုင်းရင်းသားသွေးချင်းများအပြင် ရှမ်းပြည်နယ်အတွင်းမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများဖြစ်သည့် ကိုးကန့်၊ ပလောင်၊ ပအိုဝ်းနှင့် ဓနုဒေသများ၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှ တိုင်းရင်းသားများပါ ခံစားခွင့်ရရှိကြမည်ဖြစ်သည်။ တစ်နည်းဆိုရသော် ရှမ်းပြည်နယ်အတွင်းမှ တိုင်းရင်းသားသွေးချင်းများ၏ လူမှုစီးပွားဘဝကိုမြှင့်တင်ပေးမည့် လမ်းတစ်သွယ် ပေါ်ပေါက်လာခြင်းဖြစ်သည်။

**လက်တွဲညီညီဆောင်ရွက်ခဲ့ကြသည်**

ကျောက်ဂူ- နောင်ဝိုး- ညဥ့်စဉ်- ကွန်ကော့-ပန်ဝပ်-သဘာဝတံတား-နမ့်လန်လမ်းအား နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်အရ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးမှ သက်ဆိုင်ရာတိုင်းမှူး၊ တပ်မမှူးများက ကြီးကြပ်၍ တပ်မတော်သားများကလည်း အဆိုပါလမ်းအတွက် လိုအပ်ချက်များ ကူညီပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်ကို မြေပြင်သတင်း၊ ရုပ်မြင်သံကြားသတင်းများတွင် တွေ့ရှိနေရပါသည်။ ရှမ်းပြည်နယ်အတွက် ယခုကဲ့သို့ အကျိုးပြုလမ်းတစ်လမ်းပေါ်ပေါက်လာခြင်းသည် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ကြခြင်း၏ အကျိုးရလဒ်ကောင်းတစ်ခုဖြစ်သည်။ ယခုလမ်းသည် ဒေသခံတိုင်းရင်းသားများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရန် အထောက်အကူပြုနေသကဲ့သို့ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ထွန်းကားရေးတို့အတွက် အမှောင်ခွင်း၍ အလင်းဆောင်ပေးမည့် အကျိုးပြုလမ်းတစ်သွယ်လည်းဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

# တံတားကြီးများဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှ အဆက်**

(ဆ) တံတားကြီးနယ်နိမိတ်အတွင်း အဆောက်အအုံ၊ တာဝါတိုင်၊ မြေအောက်ပိုက်လိုင်း၊ ဆက်သွယ်ရေးဆိုင်ရာ ကြိုးလိုင်းများ ဆောက်လုပ်ခြင်းကို သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(ဇ) တံတားကြီး၏ ရေဆန်ဘက်နှင့် ရေစုန်ဘက်တွင် သတ်မှတ်ထားသော အကွာအဝေးအတွင်း တံတား၏ကြံ့ခိုင်မှုကို ထိခိုက်စေနိုင်သော သဲ၊ ကျောက်စရစ် တူးဖော်ခြင်းကို တားမြစ်ခြင်း၊ ရေယာဉ်ဆိပ်ကမ်းအဖြစ် အသုံးပြုခြင်း၊ ဘေးဖြစ်စေတတ်သော ဓာတုဗေဒပစ္စည်းများ၊ စက်သုံးဆီသိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းကို သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(ဈ) တံတားကြီးဆိုင်ရာကိစ္စရပ်များတွင် ဒေသဆိုင်ရာ၊ အပြည်ပြည်ဆိုင်ရာနှင့် နိုင်ငံအချင်းချင်းဆိုင်ရာအဆင့်တို့တွင် ပူးပေါင်းဆောင်ရွက်ခြင်း။

**အခန်း(၄)**

**သက်ဆိုင်ရာဦးစီးဌာန၊ ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၆။ သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) တံတားကြီး ဒီဇိုင်းရေးဆွဲခြင်း၊ အသစ်တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ အလေးချိန် ကတ္တားတပ်ဆင်ခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ နှစ်တိုနှစ်ရှည်စီမံချက်များ၊ ဘဏ္ဍာရေးနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲတင်ပြခြင်း၊

(ဂ) တံတားကြီးဆိုင်ရာ စီမံကိန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဃ) တံတားကြီးနယ်နိမိတ်အတွင်းနှင့် တံတားကြီးများပေါ်တွင် ဘေးအန္တရာယ်ကင်းရှင်းစေရေး စီစဉ်ဆောင်ရွက်ခြင်း၊

(င) တံတားကြီးနယ်နိမိတ်ကို အများပြည်သူ သိသာမြင်သာစေရန် အမှတ်အသားတစ်ခုခုဖြင့် အခိုင်အမာစိုက်ထူခြင်း၊

(စ) တံတားကြီး တံတားအသုံးပြုခနှုန်းထားများကို သက်ဆိုင်ရာမှတစ်ဆင့် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် သတ်မှတ်ခြင်း၊

(ဆ) တံတားကြီးအင်္ဂါရပ်များကို အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းနှင့် ဖျက်သိမ်းခြင်း ဆောင်ရွက်ခြင်း၊ တံတားကြီးပေါ်၌ ဖြတ်သန်းသွားလာမှုကို လိုအပ်ပါက ယာယီအစီအစဉ်အရ ပိတ်ခြင်း၊ အချိန်ကာလသတ်မှတ်၍ ပိတ်ထားခြင်းနှင့် တံတားခေတ္တပိတ်ထားစဉ်တွင် သွားလာရန် လမ်းလွှဲပြုလုပ်ပေးခြင်းနှင့် လမ်းလွှဲတံတား ဖောက်လုပ်ခြင်း၊

(ဇ) တံတားကြီးအင်္ဂါရပ်များ သတ်မှတ်ချက်နှင့်အညီ ပြည့်စုံညီညွတ်မှုကို အချိန်ဇယားသတ်မှတ်၍ စိစစ်ခြင်း၊ တံတားကြီးပျက်စီးခြင်းမှကာကွယ်ရန် လိုအပ်သည့် တားမြစ်ချက်များ ထုတ်ပြန်ခြင်း၊

(ဈ) တံတားကြီးပေါ်တွင် အများဆုံးမောင်းနှင်ခွင့်ပြုမည့် တံတားခံနိုင်ဝန်နှင့် အများဆုံးခွင့်ပြုနိုင်သည့် မော်တော်ယာဉ်၊ စက်ယန္တရားနှင့် ရထားများ၏ အတိုင်းအတာကို သတ်မှတ်ကြေညာခြင်း၊

(ည) တံတားကြီးပေါ်တွင် မော်တော်ယာဉ်၊ ရထားနှင့် အခြားယာဉ်များ မောင်းနှင်ရမည့် အမြန်နှုန်းနှင့် လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဋ) တံတားကြီးပေါ်၌ မော်တော်ယာဉ်၊ ရထားနှင့် အခြားယာဉ်များ မတော်တဆမှုများ၊ ဒုစရိုက်မှုများလျော့နည်းစေရေး၊ အညစ်အကြေးနှင့် အမှိုက်စွန့်မှုများမပြုလုပ်ရေး၊ တံတားအစိတ်အပိုင်းများ မဖျက်ဆီးနိုင်ရေးတို့အတွက် အစိုးရဌာနများ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဌ) တံတားကြီး အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ သတိပေးခြင်း၊ သတင်းထုတ်ပြန်အသိပေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(ဍ) သဘာဝဘေးအန္တရာယ်နှင့် လူပုဂ္ဂိုလ်တို့၏ ဖျက်ဆီးမှုများမှအပ တံတားကြီး၏ အရည်အသွေးမပြည့်မီမှုကြောင့် ပျက်စီးမှုများ ပေါ်ပေါက်လာပါက သက်ဆိုင်ရာ တည်ဆောက်သူများနှင့် အရည်အသွေးစစ်ဆေးသူများက တာဝန်ခံနိုင်ရေးအတွက် ကြီးကြပ် ကြပ်မတ်ဆောင်ရွက်ခြင်း။

**အခန်း(၅)**

**စည်းကမ်းချက်များနှင့် ကန့်သတ်ချက်များ**

၇။ တံတားကြီးကို အသုံးပြုသူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် -

(က) တံတားကြီးပေါ်တွင် သတ်မှတ်ထားသော လမ်းညွှန်ဆိုင်းဘုတ်များအတိုင်း ဝင်ခြင်း၊ ထွက်ခြင်း၊ ဆက်သွယ်ကူးပြောင်းသွားလာခြင်း၊

(ခ) တံတားကြီးပေါ်တွင် သတ်မှတ်ချက်များနှင့် ကိုက်ညီသော မော်တော်ယာဉ်နှင့် စက်ယန္တရား အမျိုးအစားများသာ မောင်းနှင်ခြင်း၊ လူများသည် လူသွားစင်္ကြံလမ်းအတိုင်းသာ အသုံးပြုခြင်း၊

(ဂ) တံတားကြီးအောက်ရှိ ရေလမ်းကြောင်းများတွင် ဖြတ်သန်းသွားလာသော ရေယာဉ်များသည် သတ်မှတ်ရေလမ်းကြောင်းများမှ သတ်မှတ်ချက်များအတိုင်း သွားလာခြင်း၊

(ဃ) သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီက အခါအားလျော်စွာ ထုတ်ပြန်ထားသည့် တံတားကြီးများ အသုံးပြုခြင်းဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာခြင်း။

၈။ တံတားကြီးများကို အသုံးပြုသော မော်တော်ယာဉ်၊ စက်ယန္တရား၊ ရထားနှင့် အနှေးယာဉ်များသည် -

(က) သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီက ခွင့်ပြုသည့် ဝန်အလေးချိန်၊ အတိုင်းအတာ၊ သတ်မှတ်အမြန်နှုန်းနှင့် သတ်မှတ်အကွာအဝေးအတိုင်း မောင်းနှင်ရမည်။

(ခ) လိုအပ်သည့် နေရာများ၊ တံတားအကွေ့နေရာများတွင် သတိပေးညွှန်ပြထားသည့်အတိုင်းသာ မောင်းနှင်ရမည်။

(ဂ) ရာသီဥတုဆိုးရွား၍ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ မြင်ကွင်းမကောင်းသည့်အခါများတွင် ဘေးအန္တရာယ်ကင်းရှင်းနိုင်သည့် သတ်မှတ်အမြန်နှုန်းထက် ပိုမမောင်းရ။

(ဃ) တံတားကြီးပေါ်တွင် တာဝန်မှအပ မည်သည့်အကြောင်းကြောင့်မှ ရပ်ခြင်း၊ ရပ်ဆိုင်းခြင်းမပြုရ။ စက်ချို့ယွင်း၍ ရပ်နားရလျှင် အမြန်ဆုံးဖယ်ရှားပေးရမည်။

(င) သတ်မှတ်ချက်ထက် ကျော်လွန်မှုများရှိပါက အကျိုးအကြောင်းခိုင်လုံစွာဖြင့် ဝန်ကြီးဌာနထံ ကြိုတင်တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

**အခန်း(၆)**

**တံတားတည်ဆောက်ရေးနှင့် တံတားထိန်းသိမ်းရေးစခန်းများ**

၉။ သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီသည် ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် တံတားကြီးနယ်နိမိတ်အတွင်းတွင် -

(က) တံတားတည်ဆောက်ရေးနှင့် တံတားထိန်းသိမ်းရေးစခန်းကို တည်ဆောက်ခြင်း၊ တည်ဆောက်စေခြင်း ပြုနိုင်သည်။

(ခ) တံတားတည်ဆောက်ရေးနှင့် တံတားထိန်းသိမ်းရေးစခန်းများတွင် သိုလှောင်ရုံ၊ အလုပ်ရုံ၊ အုပ်ချုပ်ထောက်ပံ့မှုနှင့် လုံခြုံရေးအတွက် လိုအပ်သည့်အဆောက်အအုံကို တည်ဆောက်ခြင်း၊ တည်ဆောက်ခွင့်ပြုခြင်း၊ ယင်းကိုစီမံခန့်ခွဲခြင်း၊ လိုက်နာရမည့်အချက်များ သတ်မှတ်ခြင်းပြုနိုင်သည်။

(ဂ) တံတားတည်ဆောက်ရေးဝန်ထမ်းများ ယာယီနေထိုင်ရန် အထောက်အကူပြုအဆောက်အအုံ ဆောက်လုပ်နိုင်သည်။

**အခန်း(၇)**

**တားမြစ်ချက်များ**

၁၀။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ တံတားကြီး အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း စသည့် လုပ်ငန်းဆောင်ရွက်နေသော တံတားကြီးများပေါ်တွင် မော်တော်ယာဉ်၊ စက်ယန္တရား၊ ရထား သို့မဟုတ် အနှေးယာဉ်ကို ရပ်နားခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်းမပြုရ။

၁၁။ မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို မပြုလုပ်ရ -

(က) တံတားကြီးအင်္ဂါရပ်များကို ရည်ရွယ်ချက်ဖြင့် တမင်ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း၊ ပေါ့လျော့မှုကြောင့် ပျက်စီးစေခြင်း၊ တံတားရေရှည်တည်တံ့ခိုင်မြဲမှုကို ထိခိုက်စေမည့်အပြုအမူများ ပြုလုပ်ခြင်း၊

(ခ) သဘာဝဘေးအန္တရာယ်နှင့် လူပုဂ္ဂိုလ်တို့၏ ဖျက်ဆီးမှုများမှအပဖြစ်သည့် တံတားကြီး၏ အရည်အသွေး၊ စံချိန်စံညွှန်း လျော့နည်း၍ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ အရည်အသွေး စစ်ဆေးရာတွင် သိလျက်နှင့် တမင်ထိမ်ချန်ဆောင်ရွက်ခြင်း၊

(ဂ) တံတားကြီးအင်္ဂါရပ်များကို ဖယ်ရှားခြင်း သို့မဟုတ် မော်တော်ယာဉ်နှင့် လူများသွားလာမှုကို အဟန့်အတားဖြစ်စေခြင်း၊

(ဃ) တံတားကြီးနယ်နိမိတ်အတွင်း ကျူးကျော်ဝင်ရောက် စိုက်ပျိုးခြင်း၊ နေထိုင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊

(င) တံတားကြီး အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း လုပ်ငန်းဆောင်ရွက်ခြင်းတို့ကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

(စ) တံတားကြီးပေါ်တွင် မောင်းနှင်သွားလာခွင့်မပြုကြောင်း သတ်မှတ်ထားသည့် မော်တော်ယာဉ်၊ ရထား၊ စက်ယန္တရား၊ ဘီးအမျိုးအစား၊ ဝန်တင်အလေးချိန်ပါယာဉ်၊ သတ်မှတ်ခွင့်ပြုထားသည့် တံတားခံနိုင်ဝန်ထက်ပိုမိုသော ယာဉ်များမောင်းနှင်ခြင်း၊

(ဆ) တံတားကြီးနယ်နိမိတ်အတွင်း၌ ဓာတ်ငွေ့ သို့မဟုတ် စက်သုံးဆီအရောင်းဆိုင် ဖွင့်လှစ်ရောင်းချခြင်း၊

(ဇ) တံတားကြီးနယ်နိမိတ်အတွင်း ရေယာဉ်ဆိုက်ကပ်ခြင်း၊ ကုန်ပစ္စည်းနှင့် လူအတင်အချ ပြုလုပ်ခြင်း၊ အခြားနည်းအသုံးပြုခြင်း၊

(ဈ) တံတားကြီးပေါ်တွင် အညစ်အကြေးစွန့်ခြင်း၊ အမှိုက်စွန့်ပစ်ခြင်း၊ တစ်ဦးချင်းသော်လည်းကောင်း၊ အုပ်စုဖွဲ့၍သော်လည်းကောင်း စားသောက်နေထိုင်ခြင်း၊ သောက်စားမူးယစ် ရမ်းကားခြင်း၊

(ည) တံတားကြီးပေါ်တွင် မော်တော်ယာဉ်၊ စက်ယန္တရား၊ ရထားနှင့် အနှေးယာဉ်သွားလာမှုကို အနှောင့်အယှက်ဖြစ်စေခြင်း၊ ဈေးရောင်းခြင်း၊

(ဋ) တံတားကြီးနယ်နိမိတ်အတွင်း သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်း၊ လက်ကမ်းကြော်ငြာများကပ်ခြင်း၊

(ဌ) တံတားကြီးကို အသုံးပြုသွားလာနေသည့် မော်တော်ယာဉ်၊ စက်ယန္တရား၊ ရထားနှင့် အနှေးယာဉ် စီးနင်းလိုက်ပါသူများကို အန္တရာယ်ဖြစ်စေရန် ဆောင်ရွက်ခြင်း၊

(ဍ) တံတားကြီး အစိတ်အပိုင်းများအပေါ်တွင် ပန်းချီရေးဆွဲခြင်း၊ စာရေးသားခြင်း သို့မဟုတ် ညစ်ပေစေခြင်း၊

(ဎ) တံတားကြီး၏ လူသွားစင်္ကြံကို အသုံးပြုသူများအား နှောင့်ယှက်တားဆီးခြင်း၊ အန္တရာယ်ဖြစ်စေရန် ဆောင်ရွက်ခြင်း။

၁၂။ မည်သူမျှ ဝန်ကြီးဌာန၏ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို မပြုလုပ်ရ -

(က) တံတားကြီးပေါ်ဖြတ်သန်း၍ ရေနံနှင့် ဓာတ်ငွေ့ပိုက်၊ ရေပိုက်၊ လျှပ်စစ်မီးကြိုး၊ ဆက်သွယ်ရေးဆိုင်ရာကြိုးလိုင်း တစ်စုံတစ်ရာ ဆောက်လုပ်ခြင်း၊ သွယ်တန်းခြင်း၊

(ခ) တံတားကြီးနယ်နိမိတ်အတွင်း အဆောက်အအုံ၊ တာဝါတိုင်၊ မြေအောက်ပိုက်လိုင်း၊ ဆက်သွယ်ရေးဆိုင်ရာ ကြိုးလိုင်းများ ဆောက်လုပ်ခြင်း၊ သွယ်တန်းခြင်း၊

(ဂ) တံတားကြီး၏ ရေဆန်ဘက်နှင့် ရေစုန်ဘက်တွင် သတ်မှတ်ထားသော အကွာအဝေးအတွင်း သဲ၊ ကျောက်စရစ်တူးဖော်ခြင်း၊ ရေယာဉ်ဆိပ်ကမ်းအဖြစ် အသုံးပြုခြင်း၊ ဘေးဖြစ်စေတတ်သော ဓာတုဗေဒပစ္စည်းများ၊ စက်သုံးဆီသိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း။

**အခန်း(၈)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၁၃။ မည်သူမဆို ပုဒ်မ ၁၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၁၄။ မည်သူမဆို -

(က) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)နှင့် (ခ) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးသုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် တံတားကြီးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ပါက ယင်းပျက်စီးဆုံးရှုံးမှုတန်ဖိုး၏ နှစ်ဆကို ပေးလျော်စေရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# (၆၉)ကြိမ်မြောက် ဖီဖာကွန်ဂရက်ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်

**ရန်ကုန် ဇွန် ၅**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ (၆၉)ကြိမ်မြောက် ဖီဖာကွန်ဂရက်ကို ယနေ့နံနက်ပိုင်းမှစ၍ ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပရာ အာရှဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဒု-ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းတို့ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများသည် ဖီဖာကွန်ဂရက် ကျင်းပနေစဉ် ကာလအတွင်း မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် ကမ္ဘာ့ဘောလုံးအသိုင်းအဝိုင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ၂၀၂၁ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် ကြိုးပမ်းနေမှုများနှင့်ပတ်သက်၍ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အင်ဖန်တီနို၊ ထိုင်းနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိသည်။ ထို့ပြင် အာရှဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းတို့သည် ဇွန် ၃ ရက်နှင့် ၄ ရက်တို့တွင် ပြင်သစ်နိုင်ငံ၌ ကျင်းပသည့် အာရှဘောလုံးအဖွဲ့ချုပ် ကွန်ဂရက်ကိုလည်း တက်ရောက်ခဲ့ကြသည်။ ယင်းကွန်ဂရက်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးအစီရင်ခံစာနှင့် AFC အဖွဲ့ဝင်နိုင်ငံများအတွက် ဖွံ့ဖြိုးရေးရန်ပုံငွေ တိုးမြှင့်ပေးအပ်နိုင်ရေးတို့အတွက် ဆွေးနွေးခဲ့ပြီး ၂၀၂၃ အာရှဖလားပြိုင်ပွဲ အိမ်ရှင်နိုင်ငံအဖြစ် တရုတ်နိုင်ငံကို ရွေးချယ်ကြောင်း ကြေညာခဲ့သည်။ ဖီဖာ အမျိုးသမီးဘောလုံးညီလာခံကိုလည်း ဇွန် ၆ ရက်နှင့် ၇ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးလိဂ်ကော်မတီဥက္ကဋ္ဌ ဦးလှဌေးနှင့် တာဝန်ရှိသူများ တက်ရောက် ဆွေးနွေးသွားမည်ဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-MFF**





# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ကျင်းပ

**ပုသိမ် ဇွန် ၅**

"သန့်စင်သောလေရှူရှိုက်ဖို့ လေထုညစ်ညမ်းမှုတိုက်ဖျက်စို့" ဆောင်ပုဒ်နှင့်အညီ ၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ (World Environment Day) အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၅ ရက် နံ နက်ပိုင်းက မြို့တော်ခန်းမ၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က လူသားများ ကောင်းစွာအသက်ရှင်နေထိုင်နိုင်ရေးအတွက် သန့်ရှင်းသောရေကို သောက်သုံးရန်၊ သန့်ရှင်းသော အစားအသောက်များကို စားသုံးရန် လိုအပ်သလို သန့်ရှင်းသောလေကို အချိန်တိုင်း နေ့စဉ်ရှူရှိုက်နိုင်မှသာ အနာရောဂါကင်းရှင်းပြီး တစ်ဦးချင်းစီ ကျန်းမာဖွံ့ဖြိုးမှုမှ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လေထုညစ်ညမ်းမှုသည် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုကိုဖြစ်စေသည့် အဓိကအချက်တစ်ခုဖြစ်ကြောင်း၊ လေထုညစ်ညမ်းမှုကိုလျှော့နည်းအောင် ပြုလုပ်ခြင်းအားဖြင့် အခြားတစ်ဖက်မှာလည်း ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲမှုကိုဖြစ်စေသည့် မှန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ လျှော့ပါးရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် အရေးပါလှသည့် လုပ်ငန်းကဏ္ဍတစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက္ကသိုလ်နှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**



## စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ကျိုးပြတ်သွားသည့် ကမ်းထိန်းတာပြန်လည်ပြင်ဆင်

**တောင်ငူ ဇွန် ၅**



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ရွာတန်းရှည်ကျေးရွာသည် မြောက်မှတောင်သို့ စီးဆင်းလာသော စစ်တောင်းမြစ်အကွေ့၏ တောင်ဘက်ထိပ်တည့်တည့်တွင်တည်ရှိ၍ နှစ်စဉ်မြစ်ရေတိုက်စားခံရခြင်းကြောင့် မြစ်ကမ်းထိန်းတာပေါင်မြောက်ဘက်ခြမ်း ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ သိမ်ကျောင်းတစ်ဆောင် မြစ်ကမ်းပါးပြိုကျမှုတွင် မျောပါသွားခဲ့ပြီး ဘုန်းတော်ကြီးကျောင်းအား ရေလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသည့်အပြင် လူနေအိမ်များစွာ ရွှေ့ပြောင်းခဲ့ကြရပြီးဖြစ်သည်။

ယခင်နှစ် မိုးရာသီကာလတွင် ကမ်းထိန်းတာကျိုးပေါက်ခဲ့ပြီး တောင်ဘက်ခြမ်းရှိ နေအိမ်များကို အန္တရာယ်ဖြစ်ပေါ်ခဲ့သဖြင့် တောင်ငူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများ၊ ကျေးရွာဒေသခံများ စုပေါင်း၍ ကျိုးပြတ်သွားသည့် တာပေါင်နေရာတွင် သဲအိတ်ပေါင်းများစွာဖြင့် အရေးပေါ်ဆောင်ရွက်ပေးခဲ့ရသည်။

"ကျွန်တော်တို့ကို မြစ်ရေအန္တရာယ်ရှိလို့ တာဝန်ရှိသူတွေက ရွှေ့ပြောင်းကြဖို့ လာရောက်အကြောင်းကြားတာရှိပါတယ်၊ ဒါပေမယ့် ရွှေ့ပြောင်းဖို့အတွက် မြေက မရှိဘူးဖြစ်နေတာ၊ ဒါနဲ့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ခရီးစဉ်မှာ ဒေသရဲ့အခက်အခဲတွေကို တင်ပြခဲ့တာပါ၊ ခုတော့ တောင်ငူမြို့နယ် ဆည်မြောင်းဦးစီးဌာနက ကျိုးပြတ်သွားတဲ့ တာပေါင်အကုန်လုံးကို မြေဖို့ပြီးသွားပါပြီ၊ မိုးရာသီဆို စိတ်ချလက်ချ မအိပ်ရဲတဲ့အဖြစ်က လွတ်ကင်းပြီပေါ့ဗျာ၊ တာဝန်ရှိသူတွေ အားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ရွာတန်းရှည်ကျေးရွာသားတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

## ရေနံချောင်းမြို့နယ်တွင် နွေနှမ်းသီးနှံပြောင်းလဲစိုက်ပျိုးရန် တောင်သူများအား ပညာပေးစည်းရုံး

**ရေနံချောင်း ဇွန် ၅**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို ဇွန် ၃ ရက် နံနက်ပိုင်းက ရွာသစ်ကလေးကျေးရွာကွင်းအမှတ်(၈) တောင်သူဦးကျော်ဇော၏ နွေနှမ်း ၁၀ ဧက စံပြကွက်၌ ကျင်းပသည်။

တောင်သူပညာပေးကွင်းသရုပ်ပြပွဲအားနွေနှမ်း ၁၀ ဧကစံပြကွက်၊ စံကွက်ရိတ်သိမ်းခြင်း၊ နှမ်း (GAP) စနစ် ချက်ချင်းနှုတ်၊ ချက်ချင်းစည်း၊ ချက်ချင်းထောင်စနစ် ဆောင်ရွက်ပြသခြင်းများအပြင် တောင်သူပညာပေးကွင်းသရုပ်ပြပွဲသို့ တက်ရောက်လာကြသော တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေဆန်းနှင့် မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ချိုတို့က နှမ်း (GAP) စနစ် စိုက်ပျိုးရေးနည်းပညာများ၊ ရေလိုအပ်မှုနည်းပြီး တစ်ဧကအကျိုးအမြတ်ပိုမိုရရှိနိုင်သည့် နွေနှမ်းတိုးချဲ့စိုက်ပျိုးရေး၊ ဒေသရာသီဥတုနှင့်ကိုက်ညီသည့် သိပွံနှမ်းနက် နှမ်းမျိုးများပြောင်းလဲစိုက်ပျိုးရေး၊ ရေမတက်မီ နွေနှမ်းရိတ်သိမ်းချိန်တွင် ဝင်ငွေရရှိနိုင်သည့် သက်တမ်းတိုဟင်းသီးဟင်းရွက် စိုက်ပျိုးရေးတို့ကို နည်းပညာပေးဆွေးနွေးခဲ့ကြသည်။

နွေစပါးစိုက်ပျိုးပြီးပါက တစ်ဧကအကျိုးအမြတ်ငွေကျပ် ၂၈၅၀၀၀ ရရှိနိုင်မည်ဖြစ်ပြီး နွေနှမ်းသီးနှံပြောင်းလဲစိုက်ပျိုးခြင်းဖြင့် နှမ်းနက်၏ လက်ရှိဒေသပေါက်ဈေးမှာ တစ်တင်းကျပ် ၈၂၀၀၀ ဖြစ်၍ ခန့်မှန်းအထွက်နှုန်း တစ်ဧက ၁၃ တင်းနှုန်း ထွက်ရှိနိုင်ရာ တစ်ဧကအကျိုးအမြတ် ကျပ် ၈၅၀၀၀၀ ခန့် ရရှိနိုင်မည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးကပြောသည်။

ရေနံချောင်းမြို့နယ်၏ ၂၀၀၈ ခုနှစ် နွေနှမ်းစိုက်ဧကမှာ ၈၂၃ ဧကဖြစ်ပြီး ပင်းဝအုပ်စုတွင်ဧက ၂၁၀ စိုက်ပျိုးခဲ့သည်။ ပင်းဝအုပ်စုသည် ဧရာဝတီမြစ်နှင့် ပင်းချောင်းကြားတွင်တည်ရှိပြီး စိုက်ပျိုးမြေဧရိယာများသည် မြစ်ရေတက်ချိန် ဇူလိုင်လလယ်မှ စက်တင်ဘာလကုန်ထိ ရေနစ်မြုပ်ပြီး မြစ်ရေကျချိန် အောက်တိုဘာလမှ ဇွန်လကုန်ထိ စိုက်ပျိုးကြသည်။ နှစ်စဉ် ပထမသီးနှံ ကြက်သွန်နီနှင့် ဒုတိယသီးနှံ နွေစပါးစိုက်ပျိုးကြပြီး ၂၀၁၈ ခုနှစ် ပထမသီးနှံ ကြက်သွန်နီစိုက်ပျိုးပြီးချိန်တွင် ဒုတိယသီးနှံအဖြစ် နွေစပါးသီးနှံအစား ရေလိုအပ်မှုနည်းပြီး တစ်ဧကအကျိုးအမြတ်ပိုမိုရရှိနိုင်သည့် နွေနှမ်းသီးနှံ ပြောင်းလဲစိုက်ပျိုးရန် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား ပညာပေးစည်းရုံးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**



## ကာယဗလမောင်နှစ်ဦးအား ဂန့်ဂေါတွင် ဂုဏ်ပြုဆုချီးမြှင့်

**ဂန့်ဂေါ ဇွန် ၅**

ကာယဗလမောင် ထွန်းမင်းနှင့် မျိုးနိုင်ထွန်းတို့အား ဂန့်ဂေါခရိုင် အားကစားနှင့် ကာယပညာကော်မတီမှ ချီးကျူးဂုဏ်ပြုပွဲကို ဇွန် ၄ ရက် နံနက် ၁၀ နာရီက ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်ရာ ကာယဗလမောင်နှစ်ဦးက လေ့ကျင့်ယှဉ်ပြိုင်မှုများကို သရုပ်ပြကြသည်။

ကာယဗလမောင် ထွန်းမင်း (မောင်ကျော်) သည် အရှေ့တောင်အာရှ၊ အာရှနှင့် ကမ္ဘာ့အဆင့် ကာယဗလပြိုင်ပွဲများတွင် ရွှေတံဆိပ်ခြောက်ခု၊ ငွေတံဆိပ်ခုနစ်ခု၊ ကြေးတံဆိပ်တစ်ခု ရရှိခဲ့သူဖြစ်ပြီး ကာယဗလမောင် မျိုးနိုင်ထွန်းသည် (၁၆) ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု ရရှိခဲ့ကြောင်း သိရသည်။

**စိန်ကျော်**

## ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံးဖွင့်

**ကျိုက်မရော ဇွန် ၅**

အများပြည်သူယုံကြည်စိတ်ချရသော ဥပဒေဆိုင်ရာ အထောက်အကူပြုရေးအဖွဲ့ရုံးခန်းဖွင့်ပွဲကို ဇွန် ၅ ရက် နံနက် ၉ နာရီက ကျိုက်မရောမြို့ အတွက်ရုံခန်းမ၌ ကျင်းပသည်။

ထို့နောက် ပြည်နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥက္ကဋ္ဌ ဦးခင်အောင်က ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများအား ဥပဒေနှင့်အညီ ရှေ့နေငှားရမ်းပေးခြင်း၊ ဥပဒေဆိုင်ရာအသိပညာပေးခြင်း၊ အကြံပေးခြင်း၊ အကူအညီပေးခြင်း၊ သတင်းအချက်အလက်များပေးခြင်းတို့ကို ဆောင်ရွက်ပေးမည့်အဖွဲ့ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**

## မြို့တွင်းသွားလာမှုလွယ်ကူစေရန် လမ်းအဆင့်မြှင့်တင်

**ဆီဆိုင် ဇွန် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် လမ်းများ ကောင်းမွန်ရေး၊ မြို့သန့်ရှင်းသာယာလှပစေရေး၊ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဆီဆိုင်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ ခိုင်ရွှေဝါလမ်းအပိုင်း(၂) အရှည် ပေ ၈၀၀၊ အကျယ် ၁၂ ပေ ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ရေပြွန်တံတားတည်ဆောက်ခြင်းလုပ်ငန်း၊ မင်္ဂလာရပ်ကွက်နှင့် သီရိရပ်ကွက်ကြားရှိ သရဖီလမ်းအပိုင်း အရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းနှင့် သီရိရပ်ကွက်ရှိ သစ္စာလမ်းသွယ်(၃) ကို အရှည်ပေ ၅၂၀၊ အကျယ် ၁၂ ပေ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းတို့ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာနမှ သိရသည်။

**ခွန်ရဲထွေး**

### တိုတိုထွာထွာဖတ်စရာ

## စေတုတ္တရာမြို့နယ်တွင် စာစီစာကုံးပြိုင်ပွဲကျင်းပ

**စေတုတ္တရာ**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ဆုပေးပွဲကို ဇွန် ၅ ရက် နံနက် ၈ နာရီက စေတုတ္တရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ညိုညိုဝင်းက မူးယစ်ဆေးဝါး၏အန္တရာယ်၊ ကာကွယ်ရန်အရေးကြီးပုံ၊ မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများနှင့် ပြိုင်ပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ပြိုင်ပွဲတွင် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၈ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်ဦးစီးမှူး ဒေါ်ညိုညိုဝင်းနှင့် ဆရာမဒေါ်မေသူဇော်၊ ဒေါ်ခိုင်နီလာသိန်းတို့က ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စည်သူလွင်(ပြန်/ဆက်)**

## ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်

**မဘိမ်း**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့ အခြေခံပညာအထက်တန်းကျောင်း မြသီတာခန်းမ၌ ဇွန် ၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ယင်းပြိုင်ပွဲများတွင် ပန်းချီ ပြိုင်ပွဲ၌ ၆၃ ဦး၊ ကာတွန်းပြိုင်ပွဲ၌ ၂၃ ဦး စုစုပေါင်း ၈၆ ဦး ဝင်ရောက် ယှဉ်ပြိုင်ကြကြောင်းသိရသည်။

**ထိန်လင်းဦး (ပြန်/ဆက်)**

## ထိုင်းနိုင်ငံမှ မြန်မာအလုပ်သမား ၂၂ ဦးကို လွှဲပြောင်း

**တာချီလိတ်**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၁၇ ဦး၊ အမျိုးသမီးငါးဦးအား ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ လူဝင်မှုကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူများက မြန်မာနိုင်ငံ တာချီလိတ်မြို့မှ ဒေသအာဏာပိုင်များထံသို့ ဇွန်၄ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား၌ လာရောက်လွှဲပြောင်းပေးခဲ့ရာ မြန်မာနိုင်ငံတာဝန်ရှိသူများက ကြိုဆိုလက်ခံခဲ့ပြီး တာဝန်ရှိသူများက ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့သည်။

ယခုနှစ်အတွင်း ဇန်နဝါရီ ၁ ရက်မှ ဇွန် ၄ ရက်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမား စုစုပေါင်း ၈၈၉ ဦးရှိပြီး ၎င်းတို့ထဲတွင် အမျိုးသား ၅၈၄ ဦး၊ အမျိုးသမီး ၂၇၄ ဦးနှင့် ကလေး ၃၁ ဦးတို့ ပါဝင်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**



မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ရတနာသီရိဈေးတွင် မေလ နောက်ဆုံးပတ်က ထောက်ကြန့်နယ်မြေရဲစခန်းမှ ဒုရဲအုပ်နေလင်းဦးနှင့် တာဝန်ရှိသူများက မှုခင်းပြခန်းယာဉ်ဖြင့် ဒေသခံပြည်သူများအား အသိပေးရှင်းလင်းပြသစဉ်။ **ဟန်စိုး**

# ဘိုင်ယန်မြူးနစ်က အမြဲတမ်းစာချုပ်မချုပ်ဆိုသဖြင့် အငှားသက်တမ်းကုန်ပါက ဂျိမ်းစ်ရိုဒရီဂွက်ဇ်ထွက်ခွာမည်

တိုက်စစ်မှူး ဂျိမ်းစ်ရိုဒရီဂွက်ဇ်အား ဘိုင်ယန်မြူးနစ်အသင်းက အမြဲတမ်းစာချုပ်ချုပ်ဆိုခေါ်ယူမည် မဟုတ်သောကြောင့် အငှားစာချုပ်သက်တမ်းကုန်ပါက ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၇ နှစ်အရွယ်ရှိ ကိုလံဘီယာကြယ်ပွင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ဘိုင်ယန်မြူးနစ်အသင်းတွင် ဘောလုံးရာသီနှစ်ရာသီကြာကစားခဲ့ပြီးနောက် ပွဲပေါင်း ၆၇ ပွဲတွင် သွင်းဂိုး ၁၅ ဂိုးအထိ သွင်းယူထားနိုင်ခဲ့ကြောင်းလည်းသိရသည်။

ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ယင်းသို့ကစားခဲ့ရာတွင် ဘွန်ဒက်လီဂါဖလားနှစ်ကြိမ်နှင့် ဂျာမန်ပိုကယ်ဖလားတစ်ကြိမ်တို့ကို ရယူဆွတ်ခူးနိုင်ခဲ့ကြောင်းသိရသည်။

ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ဘရာဇီးနိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရွှေဖိနပ်ဆုရရှိထားခဲ့သူဖြစ်ပြီး ယင်းပြိုင်ပွဲပြီးနောက် မိုနာကိုအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၇၁ သန်းဖြင့် ၂၀၂၁ ခုနှစ်အထိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် စပိန်လာလီဂါတွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် အတူ ဘောလုံးရာသီသုံးရာသီတွင် ပွဲပေါင်း ၁၁၁ ပွဲအထိ ပါဝင်ကစားပေးခဲ့ပြီး စပိန်လာလီဂါဖလားတစ်ကြိမ်နှင့် ချန်ပီယံလိဂ်ဖလားတစ်ကြိမ်တို့ကို ရယူဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။

လက်ရှိတွင် ရီးယဲလ်မက်ဒရစ်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ အငှားသွားရောက်ကစားလျက်ရှိပြီး ဇွန် ၃၀ ရက်တွင် အငှားစာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ဘိုင်ယန်မြူးနစ်အသင်းက အမြဲတမ်းစာချုပ်ဖြင့် ခေါ်ယူမည်မဟုတ်သောကြောင့် ရီးယဲလ်မက်ဒရစ်တွင် ပြန်လည်ကစားမည်ဖြစ်ကြောင်း သိရသည်။






# မန်ယူအသင်း၏လာမည့်နည်းပြ မိမိဖြစ်လာသင့်ဟု ဒီယေဂိုမာရာဒိုနာပြောကြား

အာဂျင်တီးနားဂန္ထဝင်ကစားသမားဟောင်းတစ်ဦးဖြစ်သည့် မာရာဒိုနာက မိမိသည် မန်ယူအသင်း၏ လာမည့်နည်းပြဖြစ်လာသင့်ကြောင်း ပြောကြားခဲ့သည်။ မာရာဒိုနာသည် လက်ရှိတွင် မက္ကဆီကိုဒုတိယတန်းကလပ်တွင် နည်းပြအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသူလည်းဖြစ်သည်။

မန်ယူအသင်း၏ ယခင်က အောင်မြင်ခဲ့သည့် အောင်မြင်မှုကို ပြန်လည်ရယူနိုင်ရန်အတွက် မန်ယူအသင်းနည်းပြဖြစ်လာသင့်ကြောင်း မာရာဒိုနာက ဖိုးဖိုးတူးအားကစားသတင်းတစ်ရပ်သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အာဂျင်တီးနားအသင်းနည်းပြဟောင်း မာရာဒိုနာသည် လက်ရှိနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်လျက်ရှိသည့် မက္ကဆီကိုကလပ် ဒိုရာဒေါ့စ်အသင်းတွင် မကိုင်တွယ်မီ လွန်ခဲ့သည့်နှစ်များက ယူအေအီးရှိ အသင်းနှစ်သင်းတွင် အသင်းနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူလည်းဖြစ်သည်။

ဖိုးဖိုးတူးနှင့် အင်တာဗျူးတစ်ခုတွင်မှ မာရာဒိုနာက "မန်ယူအသင်းအနေနဲ့ ဆုဖလားတွေအများကြီး ရယူနိုင်ဖို့ လိုအပ်နေပါတယ်။ အဲဒါကြောင့် မန်ယူအသင်းနည်းပြဖြစ်လာဖို့ မျှော်လင့်ထားတာပါ "ဟု ပြောကြားခဲ့သည်။

ထို့ပြင် မာရာဒိုနာက "မန်ယူအသင်းဟာ နည်းပြဖာဂူဆန်လက်ထက်မှာ အောင်မြင်တဲ့အသင်းတစ်သင်းဖြစ်ခဲ့ပါတယ်။ အခုလက်ရှိမှာတော့ အောင်မြင်တဲ့အသင်းတစ်သင်းကိုပြောပါဆိုရင် မန်စီးတီးကို ပြောရမှာပါ။ မန်ယူအသင်းအနေနဲ့ နည်းပြတစ်ဦးလိုအပ်ခဲ့မယ်ဆိုရင် ဖြစ်ချင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ငွေကြယ် - ရေးသားသည်

## အနုပညာ

# BTS မှ ဂျင်ရဲ့တစ်ကိုယ်တော်တေးသီချင်းသစ် ထုတ်လွှင့်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS" ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျင်ဟာ လတ်တလောမှာတော့ သူ့ရဲ့ တစ်ကိုယ်တော်တေးသီချင်းသစ်တစ်ပုဒ်ကို စတင်ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒီတေးသီချင်းဟာ ယခုနှစ်အတွင်း ပြုလုပ်သွားမယ့် အဖွဲ့ရဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေအတွက် ရည်ရွယ်ထုတ်လွှင့်တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျင်ရဲ့ တေးသီချင်းသစ်ဟာ မကြာမီစတင်သွားတော့မယ့် " 2019 BTS Festa " ကို ဂုဏ်ပြုတဲ့အနေနဲ့ ထုတ်လွှင့်ပေးခဲ့တာပါ။ အဖွဲ့မှာ အသက်အကြီးဆုံးဖြစ်တဲ့ ဂျင်က သူ့ရဲ့ တစ်ကိုယ်တော်တေးသီချင်း "Tonight" ကို ဇွန် ၄ ရက်မှာ စတင်ထုတ်လွှင့်ပေးခဲ့တာပါ။ ဒီတေးသီချင်းကိုတော့ ဂျင်ကိုယ်တိုင် ရေးသားထားတာဖြစ်ပြီး ဒါဟာ သူ့အတွက်တော့ ပထမဆုံးသော ကိုယ်တိုင်ရေးတေးသီချင်းတစ်ပုဒ်ကို သီဆိုရခြင်းဖြစ်တယ်လို့ သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ ဒါ့အပြင် ဂျင်က သူ့အနေနဲ့ တေးသီချင်းသစ်တွေကို ဖန်တီးရာမှာ ပိုမိုကြိုးစားသွားမှာဖြစ်ကြောင်းလည်း ထည့်သွင်းရေးသားဖော်ပြခဲ့တယ်လို့ သိရပါတယ်။

"BTS" ဟာ အဖွဲ့ရဲ့နယ်လှည့်ဖျော်ဖြေပွဲတွေမတိုင်မီမှာ ပရိသတ်တွေရှေ့ကို အနုပညာဖန်တီးမှုတွေ များစွာသယ်ဆောင်လာမှာဖြစ်တယ်လို့လည်း သိရပါတယ်။ ဇွန်လအစပိုင်းမှာ တေးသီချင်းသစ်တွေ၊ ဓာတ်ပုံတွေ၊ ဗီဒီယိုတွေနဲ့ အခြားသောအမှတ်တရတွေကိုလည်း ထုတ်လွှင့်ပေးသွားဖို့ရာ စီစဉ်ထားပြီး ဒီအစီအစဉ်တွေဟာ အဖွဲ့ရဲ့ဂီတသက်တမ်း ခြောက်နှစ်ပြည့်အထိမ်းအမှတ်မှာ ပါဝင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။



ဇွန် ၄ ရက်က ပြုလုပ်ခဲ့တဲ့ " **Dark Phoenix** " ရုပ်ရှင်အထူးပွဲပြသမှုကို တက်ရောက်အားပေးခဲ့ကြသော ဆိုဖီယာတာနာ၊ ဂျနီဖာလောရန့်စ်၊ ဂျက်ဆီကာချက်စတိန်း (ဝဲမှယာ) တို့ ကော်ဇောနီပေါ် လျှောက်လှမ်းစဉ်။

အေးပြည့် - စုစည်းသည်



### ခရစ်စတိန်းကာရီနိုနဲ့ စေ့စပ်မှု ဖျက်သိမ်းလိုက်ကြောင်း လေဒီဂါဂါ အတည်ပြု

တေးသံရှင်တစ်ဦးအဖြစ်သာမက သရုပ်ဆောင်တစ်ဦးအဖြစ်ပါ အောင်မြင်မှုတွေ ရရှိလာတဲ့ လေဒီဂါဂါဟာ နှစ်အတော်ကြာ လက်တွဲလာခဲ့ပြီး စေ့စပ်ခဲ့တဲ့ ချစ်သူ ခရစ်စတိန်းကာရီနိုနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း စတင်ပေါ်ထွက်လာခဲ့တာ တွေ့ရပါတယ်။ လတ်တလောမှာတော့ လေဒီဂါဂါက သူနဲ့ ခရစ်စတိန်းကာရီနိုတို့ စေ့စပ်မှုဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း တရားဝင်အတည်ပြုခဲ့တာ ဖြစ်တယ်လို့ အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီအကြောင်းကိုတော့ လေဒီဂါဂါက ဇွန် ၂ ရက်က လာ့စ်ဗီးဂတ်စ်မှာ ပြုလုပ်ခဲ့တဲ့ တေးဂီတဖျော်ဖြေပွဲမှာ ပရိသတ်တွေကို ပြောကြားခဲ့တာ ဖြစ်ပါတယ်။ လေဒီဂါဂါက သူ့ရဲ့ ကျော်ကြားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Someone to Watch Over Me"ကို သီဆိုဖျော်ဖြေခဲ့ရာမှာတော့ လေဒီဂါဂါက "ဒီတေးသီချင်းကို နောက်ဆုံးဖျော်ဖြေခဲ့တဲ့အချိန်က ကျွန်မလက်မှာ လက်စွပ်ဝတ်ထားခဲ့ပါတယ်။ ဒီတစ်ကြိမ်မှာတော့ ခြားနားသွားခဲ့ပါပြီ" လို့ ပြောကြားခဲ့ပါတယ်။

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တတိယတစ်နှစ်တာ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဇွန် ၅**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တတိယတစ်နှစ်တာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှိ မင်္ဂလာခန်းမ၌ ရှင်းလင်းပြောကြားသည်။




ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပြီးခဲ့သည့် တစ်နှစ်တာကာလအတွင်း တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍနယ်ပယ် အသီးသီးမှ ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ အဓိက ပြုပြင်ပြောင်းလဲမှုများအနေဖြင့် ရန်ကုန်ရင်းနှီးမြှုပ်နှံမှု ကော်မတီကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ပါ ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်ပြီးနောက် ဗဟိုချုပ်ကိုင်မှုကိုလျှော့ချပြီး တိုင်းဒေသကြီးမှာပင် ပိုမို ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကို ပေးခဲ့ ကြောင်း။

## လျင်မြန်စွာဆောင်ရွက်

တိုင်းဒေသကြီးအဆင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့်လည်း လုပ်ငန်းများကို တိုင်းဒေသကြီး အတွင်းမှာပင် လျင်မြန်စွာဆောင်ရွက်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြောင်း၊ ပြီးခဲ့သည့်ကာလအတွင်း တိုင်း ဒေသကြီးအစိုးရအနေဖြင့် မြို့တော်စည်ပင်သာယာရေး ဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ခြင်းကြောင့် ၂၀၁၈ မြို့တော်စည်ပင်သာယာရေးဥပဒေနှင့်အညီ မြို့တော် စည်ပင်သာယာရေးရွေးကောက်ပွဲကို ကျင်းပဆောင်ရွက် နိုင်ခဲ့ကြောင်း။

သယ်ယူပို့ဆောင်ရေးကဏ္ဍနယ်ပယ်တွင် အများ ပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ကို ပြုပြင်ပြောင်းလဲခဲ့ သည်မှာ နှစ်နှစ်ကျော်ကာလကိုရောက်ခဲ့ပြီ ဖြစ်ကြောင်း၊ မကြာမီကာလအတွင်း Payment Card စနစ်ဖြင့် စီးနိုင်ရန် ဆက်လက်စီစဉ်ဆောင်ရွက်နေကြောင်း၊ ထို့ပြင် ဘတ်စ်ကားမှတ်တိုင်များ အဆင့်မြှင့်တင်မှုကိုလည်း လုပ်ဆောင်နေကြောင်း၊ မြို့ပြသာယာလှပစေမှုအတွက် ကြိုးပမ်းနေခြင်းသာဖြစ်ကြောင်း၊ အများပြည်သူ လည်ပတ်သွားလာနိုင်သည့် ပန်းခြံများကိုလည်း စနစ် တကျပြင်ဆင်ဆောင်ရွက်နေကြောင်း၊ ထို့အပြင် အများ ပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍကို ပိုမိုကောင်းမွန် သည့် အဆင့်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ရထားလမ်း၊ ကားလမ်း၊ ရေလမ်းများနှင့် လည်း စနစ်တကျ ချိတ်ဆက်နိုင်ရန် ကြိုးပမ်းနေကြောင်း၊ Water Bus ပြေးဆွဲနိုင်မှုမှာ ရန်ကုန်မြစ်ကြောင်းမှာသာ ပြေးဆွဲနိုင်သေးကြောင်း၊ ငမိုးရိပ်ချောင်းရိုးတွင် ပြေးဆွဲ နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ လေ့လာဆန်းစစ်မှုများ ပြုလုပ်နေပါကြောင်း၊ ရထားလမ်း၊ ကားလမ်း၊ ရေလမ်းဆုံနေရာများကို ပိုမိုဖွံ့ဖြိုးတိုးတက် သည့် နယ်မြေများဖြစ်စေရန် ရေတို၊ ရေရှည်စီမံကိန်းများ ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ပိုမိုကောင်းမွန် သည့် သယ်ယူပို့ဆောင်ရေးစနစ်သစ် ပေါ်ထွန်းစေရန် JICA နှင့် ညှိနှိုင်းကာ ရထားလမ်း အဆင့်မြှင့်တင်မှု ပြုလုပ်နေကြောင်း၊ သတင်းမီဒီယာနှင့်ပတ်သက်၍လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လစဉ်တွေ့ဆုံရန် စီစဉ်ထားရှိကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းပြောကြားကြရာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး က တိုင်းဒေသကြီးအတွင်း လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ ဆောင်ရွက်နေမှုများနှင့် ဆက်လက်အကောင်အထည် ဖော် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်း ပြောကြားသည်။

## ရှင်းလင်းပြောကြား

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက တိုင်းဒေသကြီးအတွင်း လုပ်ငန်းစီမံကိန်းများ အကောင် အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ တိုင်း ဒေသကြီး၏ ဘတ်ဂျက်နှင့် ဘဏ္ဍာရေးအခြေအနေများ၊ အသေးစား၊ အလတ်စားလုပ်ငန်းများ တိုးတက်လာမှု များနှင့် ချေးငွေရရှိရေးဆောင်ရွက်ပေးမှု အခြေအနေများ၊ စီးပွားရေးမူဝါဒ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက် နေမှုအခြေအနေများ၊ သောက်သုံးရေရရှိမှုဆောင်ရွက် ထားမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင် ဝန်ကြီး ဦးဟံထွန်းက တိုင်းဒေသကြီးအတွင်း စပါးစိုက်ပျိုး မှုနှင့် ထွက်ရှိမှုအခြေအနေများ၊ ဆန်စားသုံးမှု ဖူလုံစေရေး၊ စပါးအထွက်နှုန်း ကောင်းမွန်စေရေးအတွက် နည်းပညာ ပိုင်း ပံ့ပိုးကူညီပေးမှုများနှင့် ရေလုံလောက်စွာရရှိရေးတို့ အတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ တိုင်း ဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ကာကွယ် နိုင်ရန် ဒီရေတောထိန်းသိမ်းမှုနှင့် တိုးချဲ့အကောင်အထည် ဖော် ဆောင်ရွက်သွားမည့်အခြေအနေများ၊ မွေးမြူရေး လုပ်ငန်းများ၊ ငါးလုပ်ငန်းများ အောင်မြင်စေရန် ဆောင်ရွက်သွားမည့်အခြေအနေများ၊ တိုင်းဒေသကြီး အတွင်း သားငါးဖူလုံစွာရရှိရေးနှင့် ပြည်သူတို့အတွက် ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရေးတို့အတွက် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက် နေသည့်အခြေအနေများ၊ စက်သုံးဆီဈေး တည်ငြိမ်/ လျှော့ချရေးအတွက် ဈေးနှုန်းထိန်းချုပ်နိုင်ရန် ဆောင်ရွက် နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဒေါ်နီလာကျော်က တိုင်းဒေသကြီးအတွင်း လျှပ်စစ် ဓာတ်အားထုတ်လုပ်မှုနှင့် နေ့စဉ်သုံးစွဲနေမှု အခြေအနေ များ၊ လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးနေမှု အခြေအနေများ နှင့် ကျေးရွာမီးလင်းရေးနှင့် လျှပ်စစ်ဓာတ်အားရရှိမှု အခြေ အနေများ၊ သဘာဝဓာတ်ငွေ့အရောင်းဆိုင်ကြီးများနှင့် အဓိကအရေးပါသည့်နေရာများကို လျှပ်စစ်မီး ပြတ် တောက်မှုမရှိစေရေးအတွက် အလေးထားဆောင်ရွက် နေမှုများ၊ ဒဂုံမြို့သစ် လေးမြို့နယ်နှင့် လှိုင်သာယာမြို့နယ် တို့တွင် လမ်းမီးရရှိရေးဆောင်ရွက်နေမှုများနှင့် နိုင်ငံ တကာအဆင့်မီစက်မှုဇုန်များ ပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ လမ်းပန်းဆက်သွယ် ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် သွားလာမှုလွယ်ကူစေရေး အတွက် ကြိုးကြပ်စီစဉ်ဆောင်ရွက်နေမှု အခြေအနေများ၊ စည်းကမ်းမဲ့မော်တော်ဆိုင်ကယ်စီးနင်းခြင်းများနှင့် ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်မှုများကို ထိထိ ရောက်ရောက် အရေးယူဆောင်ရွက်သွားမည့်အခြေအနေ များကို ရှင်းလင်းပြောကြားသည်။

## ဆောင်ရွက်မှုအခြေအနေများ ရှင်းလင်း

ရန်ကုန်မြို့တော်ဝန်ကိုယ်စား ဒုတိယမြို့တော်ဝန် ဦးစိုးလွင်က ရန်ကုန်မြို့ပြဖွံ့ဖြိုးရေးအတွက် ဆောင်ရွက် နေမှုအခြေအနေများ၊ လူကူးခုံးကျော်တံတားနှင့် ပြည်သူ့ အကျိုးပြုလုပ်ငန်းများဆောင်ရွက်မှုများ၊ တန်ဖိုးလျော့၊ တန်ဖိုးမျှ အိမ်ရာစီမံကိန်း တည်ဆောက်မှုအခြေအနေများ၊ ပြည်သူများအပန်းဖြေနိုင်ရန် ပန်းခြံများနှင့် အားကစား ကွင်းများမွမ်းမံပြင်ဆင်ခဲ့မှုများနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် သာယာလှပရေးဆောင်ရွက်မှု အခြေ အနေများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်းကာ အမှိုက်ကင်းစင်ရေးနှင့် သန့်ရှင်းရေး ဆောင်ရွက်မှုအခြေအနေများ၊ အထပ်နိမ့်၊ အထပ်မြင့် အဆောက်အအုံများ ခွင့်ပြုခဲ့မှုများ၊ အခွန်အခကောက်ခံ မှုများနှင့် ဝင်ငွေရရှိခဲ့မှုအခြေအနေများ၊ မြို့ရေပေးရေး စီမံကိန်းများ၊ တိုးတက်လာသောလူဦးရေနှင့်အညီ သောက်သုံးရေမရရှိသေးသော နေရာများအား သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ဆောင်ရွက်မှု အခြေအနေများ၊ ရေပေးဝေရေးနှင့် အဝီစိတွင်း တူးဖော်မှု အခြေအနေများ၊ ရေကြီးရေလျှံမှုမဖြစ်ပွားစေရန်နှင့် မြို့တွင်းချောက်မြို့နယ် ရေကြီးရေလျှံမှုလျှော့ချရေး တို့အတွက် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်း ပြောကြားသည်။

လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက တိုင်းဒေသကြီး အတွင်း ပညာရေးနှင့်ပတ်သက်သည့် ဆောင်ရွက်မှုများ၊ အခြေခံပညာကျောင်းများတွင် စာကြည့်တိုက်များ တိုးချဲ့ ဖွင့်လှစ်မှုများနှင့် ကျောင်းသား ကျောင်းသူများအတွက် အသိပညာပေးဟောပြောပွဲကျင်းပမှုများ၊ တိုင်းဒေသကြီး အတွင်း သာသနာရေးနှင့်ပတ်သက်သည့် ဆောင်ရွက် ချက်များ၊ အားကစားပြိုင်ပွဲများကျင်းပမှုနှင့် ဘတ်ဂျက် သုံးစွဲမှုအခြေအနေများ၊ သဘာဝဘေးဒဏ်ဖြစ်ပေါ်မှု အခြေအနေများကြောင့် ထောက်ပံ့ပေးခဲ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

## တိုင်းရင်းသားရေးရာကိစ္စများဆောင်ရွက်

ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်း သဉ္ဇာမျိုးက တိုင်းဒေသကြီးအတွင်း ကရင်စာပေသင်ကြား ရေးနှင့် ကရင်စာပေသင်ကြားပေးသည့် ဆရာ ဆရာမ များ မွေးထုတ်ပေးနေမှုအခြေအနေများ၊ တိုင်းရင်းသား စာပေတည်တံ့စေရေးအတွက် ဆောင်ရွက်မှုအခြေအနေ များ၊ ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပခဲ့နိုင်မှုများ၊ အခြား သော တိုင်းရင်းသားရေးရာကိစ္စများဆောင်ရွက်ပေးမှု အခြေအနေများ၊ ဟိုတယ်၊ တည်းခိုရိပ်သာ လိုင်စင် ထုတ်ပေးမှုနှင့် သက်တမ်းတိုးပေးမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေး မောင်က ရခိုင်စာပေ၊ ရခိုင်သမိုင်း၊ ယဉ်ကျေးမှုခိုင်မာ ပြန့်ပွားစေရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဦးတည်၍ ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက် သွားမည့်အခြေအနေများ၊ အခြားသောတိုင်းရင်းသား များ၏ စာပေ၊ ယဉ်ကျေးမှုရေးရာကိစ္စများ ဆောင်ရွက်ပေး မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက သိရှိလိုသည်များ ကို မေးမြန်းရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ကဏ္ဍ အလိုက် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယနေ့သတင်းစာရှင်းလင်းပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်း-ဝင်းဝင်းမော်၊ ဇော်ကြီး၊ ဓာတ်ပုံ-ရဲထွန်း**

# လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများရောင်းချသည့် အရောင်းပြေစာအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချလျက်ရှိ

**နေပြည်တော် ဇွန် ၅**

လက်ကိုင်ဖုန်းနှင့် ဆက်စပ်အပိုပစ္စည်းများ တင်သွင်းရောင်းချသူများအနေဖြင့် ရောင်းချသည့် အရောင်းပြေစာအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ် ရောင်းချခြင်းကို ဇွန် ၁ ရက်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ သိရသည်။

လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူသူများအနေဖြင့် အပို ပစ္စည်းများ ဝယ်ယူခြင်းအတွက် ကျသင့်သော စုစုပေါင်းတန်ဖိုးအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်း ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

"လက်ကိုင်ဖုန်းဟန်းဆက်နဲ့ ဆက်စပ်ပစ္စည်းတွေ ရောင်းချတဲ့ အရောင်း ပြေစာအပေါ်မှာ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချမယ့် အစီအစဉ်နဲ့ ပတ်သက်ပြီးတော့ ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်ကနေ မေ ၃၁ ရက်အထိ ကြိုတင် ပြင်ဆင်ချိန်ကာလအဖြစ် သတ်မှတ်ထားပြီး ၂၀၁၉ ခုနှစ် ဇွန် ၁ ရက်ကစပြီး စတင်အကောင်အထည်ဖော်နေပါပြီ။ ကြိုတင်ပြင်ဆင်ချိန်ကာလအတွင်းမှာ သက်ဆိုင်တဲ့လုပ်ငန်းရှင်တွေ၊ မြို့မိမြို့ဖတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေကို ဖိတ်ကြားပြီးတော့ ဆောင်ရွက်မယ့် အစီအစဉ်တွေကို မြို့နယ်ပြည်တွင်း အခွန်များဦးစီးဌာနရုံးတွေကနေ ရှင်းလင်းဆွေးနွေးပေးပါတယ်" ဟု ပြည်တွင်း အခွန်များဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေခိုင်က ပြောကြား သည်။

## အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်

ယခုလက်ရှိကာလတွင် လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူသူ အတွက် ထုတ်ပေးမည့်ပြေစာတွင် ကပ်နှိပ်မည့် အခွန်အမှတ်တံဆိပ် (Commercial Tax Stamp Label) များမှာ ငါးဆယ်ကျပ်တန်၊ တစ်ရာ ကျပ်တန်၊ နှစ်ရာကျပ်တန်၊ ငါးရာကျပ်တန်၊ တစ်ထောင်ကျပ်တန်၊ ငါးထောင် ကျပ်တန်နှင့် တစ်သောင်းကျပ်တန် အခွန်အမှတ်တံဆိပ်များဖြစ်ကြောင်း သိရသည်။

"အရောင်းပြေစာအပေါ်မှာ အခွန်အမှတ်တံဆိပ် မကပ်နှိပ်တဲ့ ဆိုင်တွေ ကိုတော့ ၁၉၉၀ ပြည့်နှစ် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (စ) အရ ငွေလက်ခံရရှိကြောင်း အထောက်အထားအပေါ်မှာ ကျသင့်အခွန်ရဲ့ ၁၀၀ ရာခိုင်နှုန်း၊ ပျက်ကွက်မှုအပေါ် တိုင်ကြားခံရမှုအလိုက် ပထမအကြိမ် ပျက်ကွက်ခြင်းအတွက် နှစ်သိန်း၊ ဒုတိယ ငါးသိန်း၊ တတိယ ခုနစ်သိန်းနဲ့ တတိယအထက်ကို တစ်ကြိမ်ကို ၁၀ သိန်းစီ ဒဏ်ကြေးပေးဆောင်စေမှာ ဖြစ်ပါတယ်။ တိုင်ကြားသတင်းပေးတဲ့သူကိုလည်း တပ်ရိုက်တဲ့ ဒဏ်ငွေရဲ့ ၁၀ ရာခိုင်နှုန်းကို ဆုကြေးအဖြစ် ထုတ်ပေးမှာဖြစ်ပါတယ်။ ဆုကြေးငွေ ထုတ်ပေးနိုင် ဖို့အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူပေးဖို့ လိုအပ်ပါတယ်။ သတင်းပေး တိုင်ကြားတဲ့သူ မည်သူဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်း မပြုရဆိုပြီး ဥပဒေမှာ ပြဋ္ဌာန်းပေးထားပါတယ်။

"တိုင်ကြားမှုကို ဘယ်အခွန်ရုံးမှာမဆို တိုင်ကြားနိုင်ပြီးတော့ တိုင်ကြား တဲ့အခါ ပြေစာအပေါ်မှာ အခွန်အမှတ်တံဆိပ်မကပ်ထားတဲ့၊ ဒါမှမဟုတ် ကျသင့်အခွန်တံဆိပ်အတိုင်း အပြည့်မကပ်ထားတဲ့ ပြေစာမူရင်း၊ ပြေစာ မထုတ်ပေးတဲ့ဆိုင်မျိုးဆို မထုတ်ပေးတဲ့အကြောင်းကို ခိုင်လုံစွာတင်ပြတာမျိုး ဥပမာ ဗီဒီယိုမှတ်တမ်းတင်ပြတာမျိုးတွေနဲ့ တင်ပြနိုင်ပါတယ်" ဟု ဒုတိယ ညွှန်ကြားရေးမှူးက ရှင်းပြသည်။

**ရှင်မင်း**

# လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး
# လုံးတော်ပြည့် ရွှေစင်၊ ရွှေပြား၊ သင်္ကန်းတော် ကပ်လှူပူဇော်မှု မဟာကုသိုလ်တော်အောင်ပွဲ
# ရေစက်ချအလှူမင်္ဂလာ ဖိတ်ကြားလွှာ

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် အလှူရှင်များလှူဒါန်းခဲ့သည့် ရွှေစင်၊ ရွှေပြား၊ ရွှေသင်္ကန်းတော်များအား ၁-၁၁-၂၀၁၈ရက်မှ ၂၆-၃-၂၀၁၉ရက်အထိ ရထားပုံဖြင့် ကပ်လှူပူဇော်ခဲ့ပြီးဖြစ်ပါသည်။ ရွှေသင်္ကန်းအလှူရှင်များအား လှူဒါန်းမှုအစုစုအတွက် ထုတိမင်္ဂလာမှတ်တမ်းလွှာများ အခမ်းအနားနှင့် ပြန်လည်ချီးမြှင့်၍ ရွှေတိဂုံဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် လစဉ်အနုမောဒနာတရားနှင့် ရေစက်သွန်းချအမျှဝေခဲ့ကြပြီးလည်းဖြစ်ပါသည်။ ယခုအခါ လုံးတော်ပြည့် ရွှေသင်္ကန်းများ ဆက်ကပ်ခြင်းလုပ်ငန်းအောင်မြင်စွာပြီးဆုံး၍ ကုသိုလ်ရှင်အပေါင်း၏ ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်း မဟာကုသိုလ်တော်အောင်ပွဲ ရေစက်ချအမျှပေးဝေခြင်း မင်္ဂလာအခမ်းအနားကို ၂၀၁၉ခုနှစ်၊ ဇွန်လ ၁၇ရက်(တနင်္လာနေ့)၊ (၁၃၈၁ခုနှစ်၊ နယုန်လပြည့်နေ့)(မဟာသမယအခါတော်နေ့) နံနက် ၈နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် မဟာအောင်မြေ ရာဟုထောင့်၊ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၁-၁-၂၀၁၅ရက်မှ ၂၀-၃-၂၀၁၉ရက်အထိ လှူဒါန်းခဲ့သည့် ရွှေသင်္ကန်းတော် အလှူရှင်များကြွရောက် တရားတော်နာရေစက်သွန်းချ အမျှပေးဝေနိုင်ပါရန် ဂါရဝတရားဖြင့် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလှူရှင်စုစုပေါင်း (၁၃၆၉၈)ဦးတို့၏ ထက်သန်သော သဒ္ဓါတရားတို့ကို စနစ်တကျဂုဏ်ပြုမှတ်တမ်းတင်ထားရှိကြောင်း ဖော်ပြအပ်ပါသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

**မှတ်ချက်-သီးခြားဖိတ်စာပေးပို့ခြင်းမရှိပါ။ ဆက်သွယ်မေးမြန်းရန် ဖုန်းနံပါတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။**
**ဖုန်း-၀၉-၄၄၃၂၄၄၁၄၇၊ ၀၉-၄၅၅၇၃၅၄၅၄၊ ၀၉-၅၀၂၉၀၅၃၊ ၀၉-၄၂၁၀၂၄၉၄၃၊ ၀၉-၇၈၆၄၄၁၅၉၄၊ ၀၁-၃၇၅၅၆၇**




တရုတ်နိုင်ငံရဲ့ ဝါရင့်စားဖိုမှူးကြီးကိုယ်တိုင် ဖန်တီးထားတဲ့
ပီကင်းအရသာစစ်စစ် ဘဲကင်ကို ပီကင်းအထိ သွားစရာမလိုဘဲ
ရန်ကုန်မြို့မှာရှိတဲ့ Royal Garden မှာ
အထူးဈေးနှုန်းဖြင့် သုံးဆောင်ပြီး
20% Discount Coupon များ ရယူလိုက်ပါ။

June , 2019 Dimsum Special Promotion
30% Off ( 11:00 AM to 2:00 PM)
Kandawgyi ...... Daily
Strand Square ....... Sat & Sun

(၂၄)လတိတိ အတိုးမဲ့ အရစ်ကျပေးသွင်းနိုင်မည့် *Nawaday 4 Storey Shop House*



လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာရှိ ၁၈ပေ × ပေ၄၀ ကျယ်ဝန်းသောလူနေဆိုင်ခန်း
စီးပွားရေးအဆောက်အဦဖြစ်ပါသည်။ မြေညီထပ်မှာhall type ဖြစ်၍ဆိုင်ခန်းဖွင့်ရန်
သင့်တော်ပါသည်။ပထမထပ်တွင် မီးဖိုခန်းပါပြီး ဧည့်ခန်း၊ ထမင်းစားခန်း ပြုလုပ်ရန်
သင့်တော်ပါသည်။ ဒုတိယထပ် နှင့် တတိယထပ်တွင် Bed Room များပါပြီး
တတိယထပ်နောက်ဘက်တွင်ကျယ်ဝန်းသော ဝရန်တာပါရှိပါသည်။
နေထိုင်ရန်သင့်တော်ရုံသာမက စီးပွားရေးတွဲလုပ်၍ရသော အဆောက်အဦဖြစ်ပါသည်။

ဖုန်း–၆၅၀၅၃၅၊ ၆၆၆၁၈၃၊ ၆၅၁၄၃၆၊ ၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# ဒုတိယသမ္မတ ဦးမြင့်ဆွေ တတိယအကြိမ်မြောက် မြန်မာ-အီးယူစီးပွားရေးဖိုရမ်ဖွင့်ပွဲ တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဇွန် ၅

**တတိယအကြိမ်မြောက် မြန်မာ-အီးယူစီးပွားရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်မိန့်ခွန်းပြောကြားသည်။**




ဒုတိယသမ္မတ ဦးမြင့်ဆွေ တတိယအကြိမ်မြောက် မြန်မာ-အီးယူစီးပွားရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

ဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန့်စင်မောင်၊ ဒေါက်တာသန်းမြင့်၊ ဦးစိုးဝင်း၊ ဦးဟန်ဇော်နှင့် ဦးအုန်းမောင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး Mr. Kristian Schmidt၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် ဥရောပသမဂ္ဂ ကုန်သည်ကြီးများအသင်းမှ ကိုယ်စားလှယ်များ၊ စီးပွားရေးပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

# ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်မည်

**နေပြည်တော် ဇွန် ၅**

၂၀၁၉ ခုနှစ် မတ်လအတွင်းက ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ဇွန် ၈ ရက် (စနေနေ့) နံနက် ၆ နာရီတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနမှ သိရသည်။

**တစ်ချိန်တည်း ကပ်ထားမည်**

အဆိုပါအောင်စာရင်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သက်ဆိုင်ရာ စာစစ်ဌာနကျောင်းများတွင် တစ်ချိန်တည်းကပ်ထားမည်ဖြစ်သည်။ ထို့အပြင် အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ရန်ကင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ○

# နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇွန် ၅**

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**မိုး/ဇလ**

# MFF Open Cup ဖူဆယ်ပြိုင်ပွဲတွင် MIU အသင်း ချန်ပီယံဆု ဆက်လက်ထိန်းသိမ်း

ရန်ကုန် ဇွန် ၅

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် 2019 MFF Open Cup ဖူဆယ်ပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပရာ MIU အသင်းက VUC အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူပြီး ချန်ပီယံဆု ဆက်လက်ထိန်းသိမ်းသွားသည်။**

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖




ချန်ပီယံ MIU အသင်း အောင်ပွဲခံနေစဉ်။

"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမှန်"
ဂုဏ်ထူး ဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ဂုဏ်ထူးမြန်မာစာ
ပညာရေးအဆင့်မြင့် စခန်းသွင်းဘော်ဒါ နှင့် နေ့တက် ဘော်ဒါ
(ORANGE SUPER MART)
အတုမရှိ၊ အတူမရှိ ပညာရေးအင်အား
မြန်မာစာ-ဂုဏ်ထူးဦးသိန်းနိုင်
သင်္ချာ-ဒေါက်တာညီညီ(Ph.D)
ဓာတုဗေဒ-ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
ဇီဝဗေဒ-ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
ဘောဂဗေဒ-စိုင်းစိန်မြင့်အောင်
မူလတန်းအတွက် အထူးစီစဉ်ထားရှိမှု
KG အထူးတန်း
ဒုသမတန်း တန်းခွဲ D ဇွန်လ (၉) ရက် ဖွင့်မည်။